
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်


စိုက်ပျိုးရေးကို ဗိုလ်ပြု၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြာ
စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဂမ္ဘီရမောင်ရွှေ

# ချောက်ချောက်ချားချား လူဝင်စားများ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၂၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၁၆၀၅၁၁
၂၀၁၁ခုနှစ်၊ ဖွန်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာရီမြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ဖ-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချို၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ဖြည်လုံးကျော်ဖြန့်ချိရေး**
**ရွှေရင့်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မောင်ရွှေ၊ ဂမ္ဘီရ
ချောက်ချောက်ချားချားလူဝင်စားများ/ ဂမ္ဘီရမောင်ရွှေ။ - ရန်ကုန်၊
ဂန္ဓာရီမြိုင်စာပေ၊ ၂၀၁၁။
၁၂၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ချောက်ချောက်ချားချားလူဝင်စားများ

## ပါဝင်ဖွဲ့စည်းထားသောအခန်းများ

အခန်း ၁။ လူဝင်စားတို့၏သဘောသဘာဝ
အခန်း ၂။ မထင်မှတ်ဘဲ ဝင်ကြည့်မိသည့်ရုပ်ရှင်
အခန်း ၃။ အချက်အပြုတ်ဝါသနာပါသောတစ္ဆေ
အခန်း ၄။ သူ့ဘဝသူ့အကြောင်း
အခန်း ၅။ ရာဇဝင်များနှင့်သူတို့
အခန်း ၆။ သုသာန်တွင်တွေ့လိုက်ရသောဝိညာဉ်
အခန်း ၇။ ဘဝဟောင်းကပုံရိပ်
အခန်း ၈။ ထူးဆန်းသောမိန်းမကြီး
အခန်း ၉။ အဆုံးသတ်ကိုရှာဖွေသွားသူ
အခန်း ၁၀။ လှေကားသရဲ
အခန်း ၁၁။ မထင်မှတ်သူတစ်ဦး
အခန်း ၁၂။ ပေါက်ကွဲမှုသံစဉ်
အခန်း ၁၃။ ပြဿနာတစ်စုံတစ်ရာ

www.burmeseclassic.com


အခန်း ၁၄၊ အမုန်းတရား၏ဖြစ်စဉ်

အခန်း ၁၅။ အန္တရာယ်ကိုသတိပေးခဲ့သူ

အခန်း ၁၆၊ မိစ္ဆာနှလုံးသား

အခန်း ၁၇။ နေမင်း၏ဇာတ်သိမ်း


မိမိပြုလုပ်သော အကုသိုလ်ကံက
အကျိုးမပေးသေးခင်
လူမိုက်သည်
မိမိပြုလုပ်သော မကောင်းမှုကံကို
ချိုမြိန်သာယာသော ပျားသကာကဲ့သို့မှတ်ထင်၏။

မကောင်းမှုအကုသိုလ်ကံက
အကျိုးပေးသည့်အခါမှ
လူမိုက်သည်
ဆင်းရဲဒုက္ခရောက်ရလေတော့၏။

(ဓမ္မပဒ)

www.burmeseclassic.com

www.burmeseclassic.com

## လူဝင်စားတို့၏ သဘောသဘာဝ

နေမင်းက ရေးလက်စဇာတ်လမ်းအကျဉ်းကို စိတ်မပါသလိုပြန်ဖတ်လိုက်သည်။ A4 နှစ်မျက်နှာစာရှိသော စာရွက်များကိုဖတ်ရှုပြီးသည့်အခါ သူ့ကိုယ်သူနှာခေါင်းရှုံ့လျက် ခေါင်းကိုတွင်တွင်ခါကာ စာရွက်တွေကို လုံးချေလိုက်၏။

ရိုးအီနေသောဇာတ်လမ်းတစ်ပုဒ်။

စိတ်ဝင်စားဖွယ်တစ်စက်မှမကောင်းသော အကြောင်းအရာ။

အသစ်အဆန်းကိုသာ စိတ်ဝင်တစားရှိကြသော ပရိသတ်အတွက် ဘယ်လိုမှမစွမ်းဆောင်နိုင်သည့်ဇာတ်ကွက်။

"သွားဟာ"

ထုံးစံအတိုင်း ဘေးရှိခြင်းထဲသို့ပစ်ထည့်လိုက်သည်။

သူ့ခေါင်းတွေ ဒီလောက်တောင်ထုံထိုင်းနေပြီလား၊ လတ်ဆတ်တော့ဘူးလား၊ မသစ်လွင်တော့ဘူးလား။

အသုံးမကျလိုက်တဲ့ဦးနှောက်။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် တစ်လခန့်က သူနှင့်ရင်းနှီးနေသည့် ကုမ္ပဏီတစ်ခုက ကိုရီးယားကားတွေကြည့်ပြီး ဘယ်လိုစိတ်ကူးပေါက်သွားသည်မသိ။ သူ့ကို အလောသုံးဆယ် ဖုန်းဆက်ခေါ်သည်။ ရုံးခန်းရောက်တော့ —

"ကိုနေမင်းကိုအလုပ်အပ်စရာရှိတယ်"

"ပြော"

"လူဝင်စားဇာတ်လမ်းတစ်ပုဒ်ရေးပေး၊ ပြီးရင် ကိုယ့်ဘာသာကိုယ် ဇာတ်ညွှန်းခွဲ"

"လူဝင်စား"

လူဝင်စားဆိုသောကြောင့် သူတစ်ချက်တွေဝေသွားသည်။ ဘယ်လို လူဝင်စားမျိုးပါလိမ့်။ အမှန်စင်စစ် သူကဇာတ်ညွှန်းခွဲသူတစ်ယောက်။ ထို နယ်ပယ်ကိုသူကျွမ်းကျင်သည်။ သူများဇာတ်လမ်းကို ကိုယ်ကရိုက်လို့ရရန် ဇာတ်ညွှန်းခွဲပေးလိုက်လျှင်ပြီးပြီ။

ပြီးပြီဆို၍ ဇာတ်ညွှန်းအတတ်ပညာသည်လည်း အလွယ်တကူတော့ မဟုတ်ပါ။ နှစ်ရှည်လများသင်ယူလေ့လာခဲ့ရသည်။ ဆည်းပူးခဲ့ရသည်။ အရေးပါသောအခန်းကဏ္ဍမို့လည်း ဇာတ်ညွှန်းဆုဟုထိုက်ထိုက်တန်တန် သတ်မှတ်ထားသည်မဟုတ်ပါလား။

အခုဟာက ဇာတ်ညွှန်းချည်းသက်သက်မဟုတ်။ ဇာတ်ကျောရိုးနှင့် တန်ဆာပလာများပါစဉ်းစားရမည်။ နောက် လူဝင်စားဇာတ်ဖြစ်ရမည်။

"ဘယ်လို လူဝင်စားလဲ"

"ဘယ်လို လူဝင်စားဖြစ်ဖြစ် ကိုနေမင်းသဘောကျရေး၊ ကျွန်မတို့ကို ဇာတ်ကျဉ်းပေးဖတ်၊ အဲဒီတော့မှ တစ်ဖက်နဲ့တစ်ဖက်ညှိယူပြီး ဇာတ်ညွှန်း ထပ်ခွဲတာပေါ့"

"မင်းသားသစ်တင်မှာလား"





"တိုက်ပိုင်မွေးမယ့်မင်းသားတော့တင်ထားတယ်၊ ဒါပေမယ့် ကိုနေမင်း လွတ်လွတ်လပ်လပ်သာရေးပါ၊ သိပ်ဟဲဗီးဖြစ်နေလည်း လုပ်နိုင်ကိုင်နိုင်တဲ့ ရုပ်ပါတွေ ခေါ်သုံးမှာပါ"

တိုက်ပိုင်ရှင်တွေက ညီအစ်ကိုမောင်နှမလိုခင်နေသောကြောင့် ပွင့်ပွင့် လင်းလင်းပင်ဆိုဖြစ်ကြသည်။

သူကရုတ်တရက်ဆိုသလိုပင် ကုမ္ပဏီပိုင်ရှင်ကောင်မလေးအား —

"ညည်းအရင်ဘဝက ဘာလဲ"

"ဘယ်လို"

ကောင်မလေးကြောင်သွားသည်။ ပြီးတော့မှ သဘောပေါက်သွား ပြီး ...

"ဘယ်သိပ့်မလဲ ကိုနေမင်းရဲ့"

"လူဝင်စားကိုရောတွေ့ဖူးလား"

"တွေ့ဖူးတယ် လောလောဆယ် ကျွန်မရဲ့တူလေး၊ ကောင်းမြတ်ငြိမ်း တဲ့၊ အစ်မကမွေးတာ တူလေးက ကျွန်မတို့အမေဝင်စားတာ၊ သိတတ်တဲ့ အချိန်ကစပြီး သူ့ပစ္စည်းတွေ၊ အရင်ဘဝသူ့အကြောင်းတွေကို ဟိုတစ်စ သည်တစ်စပြောတော့တာ ကျွန်မတို့ဆိုအံ့ဩကုန်နိုင်ဖွယ်ပဲ၊ ဆုံးသွားတဲ့ အမေက သမီးကြီးဗိုက်ထဲ ပြန်ဝင်စားတာလေ"

"ညည်းရဲ့သဘောထားအမြင်ကိုမေးမယ်နော်"

"မေး"

"လူဝင်စားဆိုတာ အမျိုးတော်စပ်တဲ့ဆီမှာပဲ ပြန်ဝင်စားတာလား တခြားတွေဆီမှာရော မဝင်စားနိုင်ဘူးလား"

"ဝင်စားနိုင်တာပေါ့"

"ကောင်းပြီ လူဝင်စားဟာအချိန်တိုတိုအတွင်းမှာပြန်ဝင်စားနိုင်သလို



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တွေနှစ်တွေတော်တော်အလှမ်းကွာပြီးမှလည်း မဝင်စားနိုင်ဘူးလား''

''ကိုရီးယားကားထဲမှာတော့ ဒီဘက်ခေတ်ကနေရှေးရှေးမင်းဆက်တွေဆီ ပြန်ပြန်ရောက်သွားတာပဲ''

''ကိုရီးယားကိုမပြောဘူး ညည်းအမြင်ကိုမေးတာ''

''အဲ ... ဖြစ်နိုင်မယ်လို့ထင်တာပဲ''

''နောက်တစ်ချက် တိုင်းတစ်ပါးကရော မြန်မာဆီကိုမဝင်စားနိုင်ဘူးလား။ ဥပမာ အီဂျစ်၊ ရောမ၊ တီးဘက်၊ တရုတ်''

''ကိုနေမင်းက နည်းနည်းကျယ်ပြန့်လာပြီ''

''လုပ်ပါ မေးတာသာဖြေစမ်းပါ''

ကမ္ဘာ့ထီပိုင်ရှင်ကောင်မလေးက ခေါင်းလေးတစ်ချက်ကုတ်၊ ရယ်ကျဲကျဲလေးလုပ်ရင်း ...

''ဒါလည်းဖြစ်နိုင်တာပဲ''

''ဟုတ်ပြီ ဒါဆိုလုံလောက်ပြီ၊ အဲဒီလူဝင်စားဇာတ်ကိုရေးမယ်၊ စရံငွေပေးလိုက်တော့''

''ဘယ်လောက်ယူမလဲ''

''တစ်သိန်း''

ကောင်မလေးက ရှောရှောရှူရှူထုတ်ပေးပါသည်။ သူမအမြဲတမ်းပြောနေကျစကားအတိုင်း ''ဇာတ်ကောင်းရရင်ပြီးတာပါပဲ''ဟု ဆိုလိုက်သေးသည်။

ထိုနေ့မှစကာ လူဝင်စားနှင့်ပတ်သက်သော စာအုပ်များကိုဖတ်လျက်အတွေးကိုကွန့်ကြည့်သည်။ ဇာတ်လမ်းကျောရိုးကိုချကြည့်သည်။

တစ်ပုဒ် ...

နှစ်ပုဒ် ...





သုံးပုဒ် ...

ယခုလေးပုဒ်မြောက်ခြင်းထဲရောက်ရှိသွားခြင်းပေတည်း။

ရေးပြီးသမျှထဲက ဘယ်ဟာကိုမှစိတ်တိုင်းမကျ။ အစပိုင်း ဟုတ်[illegible]လိုရှိသော်လည်း ဆက်ပြီးရေးတော့ဘာတွေဘယ်လိုဖြစ်ကုန်သည်မသိ။

''တော်တော်အသုံးမကျတဲ့ငါ''

ဘောလ်ပင်ကို စားပွဲပေါ်လှိမ့်ပစ်လိုက်သည်။ သည်အတိုင်းပေတေ[illegible]သပ်ဆက်ရေးနေလို့တော့မဖြစ်။ ဦးနှောက်ကိုချေးဆေးပစ်ရမည်။ ဘယ်လို[illegible]မလဲ။ သူပြတင်းပေါက်ဘေး၌ သွားရပ်လိုက်သည်။

လူစည်ကားရာ လမ်းမကျယ်များပေါ်တွင် ကားမျိုးစုံတစီစီဖြတ်သန်းနေ[illegible]သည်။ သူနေထိုင်သည့်နေရာက မြို့လယ်အချက်အချာကျသောနေရာ။ [illegible]ည်နေသည့်နေရာက (၆)ထပ်အမြင့်ရှိသော တိုက်ခန်းများ၏ (၄)လွှာ[illegible]က်ညာဘက်ခန်း။

သူ့အခန်းပိုင်တော့မဟုတ်။ အဖေနှင့်တကျက်ကျက်ရန်ဖြစ်တတ်သော[illegible] နိုင်ငံခြားထွက်အလုပ်လုပ်မည့်သူငယ်ချင်းက ခေတ္တခဏနေနိုင်းခဲ့ခြင်း[illegible]ည်။ အိမ်ထောင်ပရိဘောဂအပြည့်အစုံ၊ ချက်ပြုတ်စားသောက်စရာ[illegible]က်အဆင်သင့်၊ အပေါ်စက်အောက်စက်ရှိသည်။

သို့သော် ရေခဲသေတ္တာမရှိ၊ တယ်လီဖုန်းမရှိ၊ လေအေးပေးစက်မရှိ။ [illegible]သို့ပင်ဆိုစေ အိမ်လခမယူဘဲ ယခုလိုနေနိုင်းခဲ့ခြင်းကိုက ကျေးဇူးတင်ရ[illegible]ည်။

မေလလယ်မို့အပူရှိန်ကတော်တော်ပြင်းသည်။ အိုဇုန်းလွှာအပေါက်က [illegible]လောက်ကျယ်သွားလေပြီလဲမသိ။ တစ်နှစ်ထက်တစ်နှစ်ပိုပူလာသည်[illegible]တော့ ငြင်းမရ။ တော်ရုံတန်ရုံလမ်းထွက်ဖို့စိတ်မကူးရဲ။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းက ကော်ဖီခါးခါးတစ်ခွက်မှလွဲလျှင် ဘာမှမစားရသေ... ဗိုက်ထဲတွင်တိုက်ပွဲတွေအပီအပြင် ထိုးစစ်ဆင်နေလေပြီ။ စောစောက ... ကြောင့်သာ ဘာမှမဖြစ်သလိုရှိခဲ့သော်လည်း ယခုတော့ သိသိသာသာကိုဆော... သည်။ ဆိုရိုးစကားပင်ရှိသည်။ ကြိုက်မရှက်။ ငိုက်မရှက်။ ဝတ်မရှက်။ ... ဗိုက်ထဲ အဆာရေစာဝတ်နေပြီ။

ဝတ်သာဝတ်သည်။ အစားအသောက်နှင့်ပတ်သက်လျှင် အနည်းငယ... ချေးများချင်သည်။ ခံတွင်းတွေ့ရာသတ်မှတ်ထားသည့်ဆိုင်တွေမှာစား... သူကြိုက်သောထမင်းပေါင်းမှာ ရုပ်ရှင်ရုံတွေတန်းစီနေသည့်နေရာလောက်တ... ရှိသည်။ တခြားဆိုင်တွေကိုသိပ်မနှစ်သက်။

သူထွေထွေထူးထူးမစဉ်းစားနေတော့ဘဲ ရေချိုးခန်းထဲဝင်ကာ... အမြန်လောင်းချိုးလိုက်သည်။ အပေါ်တီရှပ်နှင့်ဂျင်းဘောင်းဘီဝတ်ကာ အခ... တံခါးသော့ပိတ်လျှက် အောက်ထပ်သို့ဆင်းလာခဲ့သည်။

လိုင်းကားစီးလျှင် တစ်မှတ်တိုင်သာသာမို့ စီးမနေတော့။ လမ်းလျှော... လိုက်သည်။ လမ်းပေါ်ရောက်မှ အပူဒဏ်ကိုပို၍ခံစားလာရ၏။ ရေချိုးထားတ... လေးပင်ဘယ်ရောက်မှန်းမသိတော့။

တော်ပါသေးသည်။ ထမင်းပေါင်းဆိုင်ကလေအေးစက်တပ်ထားသေ... ကြောင့်နေသာထိုင်သာဖြစ်သွားသည်။

ဆာဆာနှင့်စားလိုက်သည်မှာ လိုက်ပွဲတွေပုံသွားသည်။ ဗိုက်ထဲလည်... ပြည့်တင်းသွားသည်။ ထမင်းစားပြီးလျှင် ဘယ်သွားမလဲ။ ပြန်ရုံသာရှိသည်... လမ်းတွင်စားစရာတချို့ဝယ်သွားရမည်။

သူထမင်းပေါင်းဆိုင်မှထွက်တော့ အပူကချက်ချင်းထိုးဟပ်သည်။

မျက်နှာပြင်တစ်ခုလုံး ပူခနဲ စပ်ခနဲ။ မျက်လုံးတွေက လမ်းဘေ... ပလက်ဖောင်းပေါ်မှ စာအုပ်အဟောင်းဆိုင်တွေဘက် အကြည့်ရောက်သည်...





...ခြင်းလျှင် မနေနိုင်သောသူ စာအုပ်ပုံတွေကြားထဲ မွှေနှောက်ရှာဖွေနေမိ...

နိုင်ဝင်းဆွေ၏ မဟူရာမေတ္တာ၊ မြသန်းတင့်၏ ထရံပေါက်မှ ချောင်း...နှင့် အတွေးအမြင် တစဉ်အယောင်သုံးလေးအုပ်ဝယ်လိုက်သည်။

ချွေးတွေက နဖူးပြင်ပေါ်ဆီသို့ သီနိုလာပြန်သည်။ တစ်မှတ်တိုင် ...ထဲ လမ်းလျှောက်ရဦးမည့်အပြင် တိုက်ခန်းရောက်တော့လည်း အပူဒဏ်ခံ...ာမို့ ရုပ်ရှင်ရုံတစ်ရုံထဲတွင် ဝင်အိပ်လိုက်ရလျှင်ကောင်းမလားဟု ...ပေါက်သည်။

ကိုယ့်အတွေးကိုယ်လည်းကျေနပ်သွားသည်။

ထို့ကြောင့် စီတန်းနေသော ရုပ်ရှင်ရုံတွေဆီလျှောက်သွားသည်။

"ပြတော့မှာ ပြတော့မှာ လက်မှတ်လေးတွေအမြန်ဝယ်ပြီး ရုံထဲဝင်ပါ"

ရုံရှေ့မှတကျော်ကျော်အော်ခေါ်နေသော်လည်း လူကမရှိ။

"ဒီရုံဆိုကောင်းမယ်"

ဘာကားပြနေမှန်းလည်းမသိ။ သိလည်းသိဖို့မလို။ ရုံထဲဝင်အိပ်မည့် ...မို့ လက်မှတ်ရုံရှေ့တွင်ရပ်ကာ ...

"တစ်စောင်"

"ဘယ်နေရာယူမှာလဲ"

"အဆင်ပြေမယ့်နေရာပေး"

ထိုမျှလောက်နှင့်လက်မှတ်ဝယ်ခြင်းကိစ္စပြီးပြီ။ ထို့နောက် သူရုံထဲသို့ ...ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## မထင်မှတ်ခဲ့ ဝင်ကြည့်မိသည့်ရုပ်ရှင်

သူ့ရုံထဲရောက်တော့ ထင်ထားတာထက်ပင် လူကပိုနည်းနေသည်
ဟိုနေရာသုံးလေးယောက် သည်နေရာသုံးလေးယောက်။ အလွန်ဆုံး လူတစ်
ပင် ပြည့်မည်မထင်။

ဘာကားမို့လို့လဲ။

ကုမ္ပဏီကတော့ ခွက်ခွက်လန်အောင်ရှုံးလိုက်မည့်ဖြစ်ခြင်း။

ရုံထဲတွင်အေးစိမ့်နေတာတော့သဘောကျသည်။ သူ ရသောခုံနံပ
ပတ်ပတ်လည်တွင် မည်သူမျှမရှိ။ ဒါလည်းသူ့စိတ်ကြိုက်ပင်။ သူထိုင်ခုံကို
လျော့လျော့လေးမှီထိုင်လိုက်သည်။ ရှေ့တည့်တည့်မှ ကြက်သွေးရောင်ကန့်
လိုက်ကာကြီးဆီမှ အလင်းရောင်မှလွဲလျှင် တစ်ရုံလုံးကိုအမှောင်ဖုံး
လွှမ်းမိုးထားသည်။ စိတ်လှုပ်ရှားစရာအလင်းရောင်မျိုးပင်။

ပြတော့မှာဟုဆိုသော်လည်းမပြသေးပါ။ နာရီမပါလာသောကြ
အချိန်ဘယ်လောက်ရှိမှန်းလည်းမသိရ။ သူမှေးရင်းမှေးရင်းမှ စိတ်ချလ
အိပ်ပျော်သွားသည်။ အခုတလောအိပ်ရေးတွေပျက်ပေါင်းကလည်းမနည်းတေ
ဇာတ်လမ်းကိစ္စဟုပင်အပြစ်ပုံချရမလိုဖြစ်နေ၏။

---

ရဲရင့်အောင်စာပေ



အာရုံယှဉ်တွင် ဟိုအသံဒီအသံတွေကြားရသလိုလိုထင်သည်။ သို့သော်
မျက်လုံးတွေကဖွင့်မရ။ သည်လိုနှင့် ဘယ်လောက်ကြာသွားမှန်းပင်မသိ။
ညင်ညင်သာသာ မှုံသံတစ်သံကိုကြားလာရ၏။

"မှုံ မှုံ တုတ် ... မှုံ မှုံ တုတ် ... မှုံ မှုံ တုတ်"

"တီ တီ ... တီ တီ ... တီ တီ"

ထိုအသံချိုချိုအေးအေးလေးကိုကြားတော့ ဘာကြောင့်သူ့စိတ်တွေ
ငြိုသွက်ခဲ့ရပါသလဲ၊ လေးလံသောမျက်လုံးတွေ ပေါ့ပါးသွားရပါသလဲ။ ထူးတော့
ထူးခြားသည်။ ထိုအသံမျိုးကိုလည်း တစ်ချိန်ချိန်က အလွန်ရင်းနှီးနေသည်ဟု
ခံစားရ၏။

နေမင်း မျက်လုံးကိုဖွင့်လိုက်သည်။

ပိတ်ကားပြင်ဘက်တွင် အရောင်၊ အသွေး၊ အရုပ်တို့က တဖျပ်ဖျပ်
ခုန်ကူးနေကြသည်။ ကြည့်လိုက်ရုံနှင့်ပင် ကိုရီးယားနန်းတွင်းကားမှန်းသိသာသည်။
ခမ်းနားသော နန်းဆောင်တစ်ခုရှေ့ ကွက်လပ်ပြင်တွင် အဆိုအကနှင့်ဖျော်ဖြေ
နေသောကကွက်ဖြစ်သည်။

ရောင်စုံကျောက်ပြားများခင်းထားသော ကွက်လပ်တွင် ပျိုမျစ်နုနယ်
သောမိန်းကလေးတစ်ယောက်က ပြုံးချိုသောမျက်နှာထားဖြင့် လက်နှစ်ဖက်ကို
မြှောက်ကာမြှောက်ကာ၊ ခြေထောက်လေးနှစ်ချောင်းကိုလည်း ဆတ်တောက်
ဆတ်တောက်နှင့် ရှေ့တိုးနောက်ငင်ပြုကာ အချက်ကျကျသွက်သွက်လက်လက်
ကပြနေသည်။

သူမ ကပြနိုင်ရန် ကြိုးစားပမ်းစား ဗုံခေါက်ပေးနေသူမှာလည်း
မိန်းကလေးတစ်ယောက်ပင်ဖြစ်သည်။ မျက်နှာပေါ်တွင် ဘာမျှလိမ်းခြယ်မထား
သာမန်အရုပ်သူတစ်ယောက်အသွင်။ သူမ ဗုံကိုသာစိတ်ဝင်တစား ဖျော်ဖြေရင်း
မျက်တီးခတ်နေသည်။

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အင်္ဂလိပ်စာတန်းလေးပေါ်လာသည်။

Lee Min Chue လီမင်ချူးဟုအမိပ္ပါယ်ရသည်။ ဒါဆို ကောင်မလေးနာမည်က လီမင်းချူးပေါ့။

ကပြနေသောကောင်မလေးနာမည်က ကင်ယွန်ဂျီ။ သူတို့ကပြမှုကို မိန့်မိန့်ကြီးကြည့်နေသူမှာ နုနယ်ချောမောသောမင်းသားလေးနှင့် သူ၏အဖွဲ့၊ အိမ်ရှေ့စံဖြစ်ဖို့များသည်။ အိမ်ရှေ့စံအမည်က ကင်ဗွန်း (Kim Beam)။ အင်္ဂလိပ်ဘာသာဖြင့်ထိုးပြ၏။

ကိုရီးယားကား ပေါင်းများစွာကြည့်ခဲ့ဖူးပါသည်။ နာမည်ကျော် သရုပ်ဆောင်တွေကိုလည်း ရင်းနှီးဖူးပါသည်။ သို့သော် သည်ကားတွင်ပါဝင်သော သရုပ်ဆောင်တို့မှာ အသစ်တွေချည်းဖြစ်နေတာတော့ ထူးခြားသည်ဟုထင်သည်။

ဒါရိုက်တာက ပုံခေါက်နေသည့်လီမင်ချူးကို အဓိကအသားပေးလျှက် ရိုက်ချက်အမျိုးမျိုးနှင့် ရိုက်ပြနေသည်။ မင်းသားလေးက ကနေသူထက် ပုံခေါက်နေသူကို ပို၍စိတ်ဝင်စားနေသည်။

သူ လီမင်ချူးကိုတစိမ့်စိမ့်ကြည့်ရင်း ရင်းနှီးနေသလိုလို ပဟ်သက်ဖူးသလိုလိုခံစားလာရ၏။ ဘယ်မှာတွေ့ဖူးတာလဲ။ ဘယ်မှာရင်းနှီးဖူးတာလဲ။ စဉ်းစားလို့မရ။ သူကိုယ်ကိုမတ်လိုက်သည်။ အသေအချာ ဂရုနိုက်ကြည့်လိုသည့်သဘော။

ဟုတ်ပါသည်။

လီမင်ချူးသည် သူ့အားတစ်စုံတရာပြောနေသလိုလည်း ခံစားနေရ၏။ ရင်ထဲတွင် တလှပ်လှပ်ဖြစ်ကာ နှလုံးသားတွေနာနာကျင်ကျင်ဖြစ်သွားသည်။

"ဟုတ်တယ် မင်းနဲ့ကိုယ် ကောင်းကောင်းကြီးပတ်သက်ခဲ့ဖူးတယ်"





နောက် ပွန်ဂျိုဝမ်ဆိုသော မိန်းမကြီးကိုပြသည်။ ဗီလိန်ဇာတ်ရှုပ်မှန်းသိသာသည်။ ကနေသူမှာ သူ့သမီးဖြစ်ပုံရသည်။ သမီးကိုကြည့်ကာ ကြည့်နူးပီတိဖြစ်နေပုံကိုရိုက်ပြသည်။ မင်းသားလေးက ပုံခေါက်သူကိုသာ စိတ်ဝင်စားနေကြောင်းသိသောအခါ ချက်ချင်းစိတ်ကွက်သွားသည်။ သူမ အမျက်ဒေါသတွေက လီမင်ချူးပေါ်ပုံကျသွားသည်။ မတတ်သာ၍သာ ကြည့်နေရသည်ဟူသော အမူအယာကအပြည့်။

အကရုပ်တော့ မင်းသားလေးနှင့်အဖွဲ့က လက်ခုပ်တီးကာအားပေးသည်။ မျက်လုံးက ပုံခေါက်သူဆီမှာသာ။ မိန်းမကြီး၏ နာကြည်းရိပ်က ပိုမိုသိသာလာသည်။

"သူလေးက ဘယ်သူလဲ"

မင်းသားလေးက ပုံခေါက်သူကိုရည်ရွယ်မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်မတို့အိမ်က အနိုင်းအစေပါ"

"ခင်ဗျားက အကသင်တန်းဖွင့်ထားတယ်နော်"

"ဟုတ်ပါတယ်"

"ကျုပ် ... သူ တိတ်တခိုးအကလေ့ကျင့်နေတာကိုတွေ့ဖူးတယ်"

"ဘယ်လို မင်းသားလေးကတွေ့ဖူးတယ်"

"အဲဒါတွေထားပါ သူကတာကိုကျုပ်ကြည့်ချင်တယ်"

"မဖွယ်မရာမို့ မသင့်တော်ပါဘူး မင်းသားလေး"

"ကျုပ်အမိန့်ပေးနေတာ"

မင်းသားလေးက ခပ်ပြတ်ပြတ်ဆိုသောကြောင့် မိန်းမကြီးပွန်ဂျိုဝမ် အောက်တွေ့သွားသည်။

"ကချေသည်တို့မည်သည် နန်းတွင်းဘယ်နေရာပဲကပြ ကပြဖို့အခမ်းနားဆင်ပြီး ဝတ်စုံအပြည့်နှင့်သာကပြခွင့်ရှိပါတယ်မင်းသားလေး"



www.burmeseclassic.com

www.burmeseclassic.com



လီမင်ချူးမှာ အပြစ်ကင်းစင်နှင့်မျက်နှာလေးနှင့်ကြောက်ရွံ့နေပုံရ၏ မင်းသားလေး ကင်ပြွန်းမှာစိတ်မရှည်နိုင်စွာဖြင့် ...

"ဟော့ နန်းတွင်းသူတစ်ဦး သူ့ကိုအကောင်းဆုံးပြင်ဆင်ပေးလိုက်စမ်း မင်းကင်္ဂါကို အကောင်းဆုံးကပြဖြေဖျော်"

ပွဲကသည်နေရာတွင်ပြတ်သွားသည်။ မည်သူမျှအထွန့်မတတ်ရဲတော့ မိန်းမကြီး၏မကျေနပ်မှု၊ သမီးဖြစ်သူ၏ မနာလိုမျက်ဝန်း။

ထို့နောက် ... နောက်တစ်ကွက်သို့ချက်ချင်းပြောင်းသွားသည်။

လီမင်းချူး၏ ပြင်ဆင်ထားသောအလှ၊ နူညက်လှသောကကွက် သိမ်မွေ့လှသောလှုပ်ရှားဟန်။ မြင်ရသူအပေါင်းရင်သပ်ရှုမောဖြစ်ရသည် အားရကျေနပ်သောမင်းသားလေး၏ မျက်လုံးတို့မှာထင်ထင်ရှားရှား။

နေမင်းကြည့်နေရင်း ကြည့်နေရင်းကပင် ထိုမိန်းမကြီးလီမင်ချူးကို မီးရှို့သတ်တော့မည်ဟု စိတ်ထဲကအလိုလိုသိနေသည်။ သူစိတ်ထဲထင်နေတာ များလား။

မကြာပါချေ။ နောက်ပြကွက်တစ်ကွက်ပြောင်းသွားချိန်တွင် ပွန်ကျို လီမင်ချူးနေသော တဲအိမ်ကိုမီးရှို့နေတာပြသည်။ အထဲတွင် ကောင်မလေး ဘယ်မှမထွက်သာအောင်ပိတ်မိနေသည်။ သေဖို့လမ်းကလွဲလျှင် တခြားမရှိ မိန်းမကြီး သူ့လုပ်ရပ်ကိုအကျေနပ်ကြီးကျေနပ်နေသည်။

ထိုစဉ် မင်းသားလေးနှင့်အပေါင်းအပါတချို့မြင်းနှင့်ရောက်လာသည်

"တဲအတွင်းက လူကိုကယ် ... ဟိုမိန်းမကိုဖမ်းချုပ်"

မင်းသားလေးအသံက ဒေါသတွေနှင့်လွှမ်းနေသည်။ ကိုယ်ရံတော်တွေ က မီးရှို့သူထိုမိန်းမကိုဖမ်းလိုက်သလို ကောင်မလေးကိုလည်း အောင်မြင်စွာ ကယ်လိုက်နိုင်သည်။

နောက်တစ်ကွက် ...





မီးရှို့သူ မိန်းမကြီးကိုအချုပ်လှည်းပေါ်တင်၍ လူသတ်ကုန်းသို့ပို့သည်။ သမီးက မင်းသားလေးကိုငိုယိုကာ အကြိမ်ကြိမ်တောင်းပန်သည်။ ရော့ မင်းသား လေးက ပစ်ပစ်ခါခါပယ်ချသည်။ သူမမှာ အမေဖြစ်သူနှင့်အတူ လူပုံအလယ်တွင် အောက်တန်းစားမိန်းမတစ်ယောက်ကို မင်းသားလေးနှစ်သက်သဖြင့် မစဉ်းစား မဆင်ခြင်တော့ဘဲ အကာပညာရှင်တစ်ဦးကို လွယ်လွယ်လေး သတ်ပစ်ရက်သည် ဟု စွပ်စွဲသည်။

ကင်ပြွန်း အမျက်တထောင်းထောင်းထွက်ရလေပြီ။ လူပုံအလယ်တွင် အရှက်ခွဲခံရသည်မို့ ကြိတ်မနိုင်ခဲမရဖြစ်ကာ ... ။

နောက်တစ်ကွက် ...

ကင်ယွန်ကျီအား လူသတ်ကုန်းသို့ပို့တော့သည်။ အသက်ထွက်ခါနီးဆဲဆဲ တွက် တစ်စက်လေးမှကြောက်စိတ်မပြဘဲ "နင့်ကိုဘယ်ဘဝရောက်ရောက် ငါမကျေဘူး"ဟုကြုံးဝါးသွားသည်။

ယင်းနောက် ...

ပြကွက်တွေက ဟိုရောက်လိုက်သည်ရောက်လိုက်နှင့် အဆက်စပ်မရှိ တော့။ နောက်တော့ ပုံရိပ်တွေရုပ်သေတွေဖြစ်သွားသည်။ စကားပြောခန်းမပါ တေးဂီတသံမပါ။ ထို့ကြောင့် သူတော်တော်လေးပျင်းရိငြီးငွေ့လာသည်။ ငြီးငွေ့ခြင်း နှင့်အတူ အိပ်ချင်စိတ်ကလည်း ထပ်မံပေါ်ပေါက်လာပြန်၏။ မျက်ခွံတွေက လေးလံလာသောကြောင့် ထပ်မံအိပ်ပျော်သွား၏။ အိပ်ရသည့် အရသာကနှစ်နှစ် ခြိုက်ခြိုက်။ အိပ်လို့ကောင်းသည်မှာလည်း ဘာနှင့်မျှမလဲနိုင်။

"အစ်ကို ... အစ်ကို ရုပ်ရှင်ပြီးနေပြီ"

အသံ၏လှုပ်နှိုးမှုကြောင့် သူရုတ်တရက်နိုးလာသည်။ ကြက်သွေးရောင် ကတ္တီပါကြီးက ပိတ်ပြီးနေပြီ။ မီးရောင်တွေကပွင့်လို့နေသည်။ သူ့အားလာနှိုး သူက သန့်ရှင်းရေးလုပ်သည့်ကောင်မလေး။

www.burmeseclassic.com



"အာ ... ဆောရီးကွာ"

သူ ရုက်ရုက်နှင့်မတ်တပ်ရပ်လိုက်သည်။ တစ်ရုံလုံး လူတစ်ယောက်မျှ မရှိတော့။ သူရုံအတွင်းမှထွက်ခဲ့သည်။ ခပ်လှမ်းလှမ်းရောက်မှ သူကြည့်ခဲ့သော ရုပ်ရှင်ကိုသိလိုသဖြင့် အပြင်မှာကြော်ငြာဓာတ်ပုံများကို ပြန်ကြည့်သည်။

ကြော်ငြာဘုတ်တွင် ချိတ်ထားသည်ကမြန်မာကား။

စောစောက သူကြည့်ခဲ့တာ ကိုရီးယားကား။

ဘယ်လိုဖြစ်တာလဲ။ သူကိုယ်သူနားမလည်နိုင်အောင်ဖြစ်ရသည်။ မကျေနပ်သောကြောင့် ရုံရှေ့မှအော်နေသူလူကြီးအား —

"ဒီရုံမှာပြတာ ကိုရီးယားကားမို့လား"

"ကြံကြံဖန်ဖန် ဟောဒီကမြန်မာကားပါ"

"ကျွန်တော်ကြည့်ခဲ့တာ ကိုရီးယားကားမှ ကိုရီးယားကားဗျ"

ထိုသူက သူ့အားအူကြောင်ကြောင်ကြည့်သည်။ ထိုအကြည့်ကိုသူသိသည်။ အငြင်းအခုန်မဖြစ်ချင်သောကြောင့် သူရုံအောက်မှ အသာလှည့်ထွက်ခဲ့သည်။

❀ ❀ ❀

# အချက်အပြုတ်ဝါသနာပါသော တစ္ဆေ

"ကိုနေမင်း ... ဖုန်းလာတယ်"

မြေညီထပ်ဈေးဆိုင်လေးမှကောင်မလေး အပေါ်သို့တက်ခေါ်သောကြောင့် သူအောက်သို့ဆင်းလာခဲ့သည်။

"မေသက်နိုင်ဆီကများလား"

မေသက်နိုင်ဆိုသည်မှာ သူခြေချော်လက်ချော်ထားမိသော ရည်းစားတစ်ယောက်။ သူမ တက်သစ်စမော်ဒယ်လေး။ ဟိုပွဲလျှောက် သည့်ပွဲလျှောက်နှင့် နည်းသတချို့သတိထားမိသူ။

အပေါင်းအပါတစ်ယောက်၏ မိတ်ဆက်ပေးမှုကြောင့် သူ မေသက်နိုင်နှင့်ရင်းနှီးခဲ့ရသည်။ သူငယ်ချင်းက ဓာတ်ပုံဆရာ။ သူက ဇာတ်ညွှန်းရေးဆရာ။ ဇာတ်သား မင်းသမီးတွေနှင့်ရင်းနှီးသည်။ ကုမ္ပဏီပိုင်ရှင်တွေနှင့် အဆက်အဆံရှိသည်ဟု ဝိသေသတွေထပ်ပေးလိုက်တော့ မေသက်နိုင်စိတ်ဝင်စားသွားသည်။ သူမက သရုပ်ဆောင်ဖြစ်ချင်သူ။ တော်ရုံတန်ရုံမဟုတ်။ အသည်းအသန်ဖြစ်ချင်သူ။ သရုပ်ဆောင်လောကကို အကယ်ဒမီတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ဝင်နိုင်လွှပ်ချင်သူ။

ရဲရင့်အောင်ဇာဝေ

www.burmeseclassic.com

www.burmeseclassic.com



သူက နာမည်ကျော်ဒါရိုက်တာတချို့၊ သရုပ်ဆောင်တချို့နှင့် ရင်းနှီးသောကုမ္ပဏီများကိုမိတ်ဆက်ပေးလိုက်၏။ နေမင်း အပေါ်မေသက်နိုင်အထင်ကြီးမှုတွေက ဆထက်ထမ်းပိုးတိုးသွားသည်။

သိပ်မကြာ။

ရည်းစားတွေဖြစ်သွားကြသည်။ နေမင်း အနေနှင့်မေသက်နိုင်အပေါ် နှစ်နှစ်ကာကာချစ်၍ မဟုတ်သလို မချစ်ဘူးလားမေးတော့လည်း မဟုတ်ပေ။ သူ့အချစ်က တစ်မျိုးတော့တစ်မျိုးကြီးပင်။ ဘယ်လိုပြောရမှန်းပင်မသိ။ အဆုံးပြောရလျှင် တမ်းတမ်းမက်မက်စွဲလမ်းခြင်းမျိုး မဟုတ်ဟူ၍သာဆိုရပေမည်။ စကားပြောရတာကြည်နူးသည်။

သူ ဖုန်းခွက်ကိုကိုင်လိုက်သည်။

"ဟဲလို ... နေမင်းပါ"

"ကိုမင်း ... နိုင်ပါ"

"အင်း ... ပြော"

"နိုင်တို့ ဟိုဘက်တိုက်ခန်းကိုပြောင်းသွားပြီ"

သူ နှုတ်ဆိတ်သွားသည်။ သူမ ပြောင်းချင်သည်ဟု တကဲကဲပြောနေသောတိုက်ခန်း။ သူမက နယ်မှဖြစ်ပြီး တစ်ကိုယ်တော်စွန့်စားကာရောက်လာခဲ့သူဖြစ်သည်။ အဒေါ်အိမ်မှာတည်းသည်။ မော်ဒယ် အေဂျင်စီတစ်ခုတွင်တက်သည်။ မခံချင်စိတ်နှင့်မာနတရားကတော့ သူမရင်မှာအပြည့်။ မဖြစ်လို့မရဆိုသော စိတ်ဓာတ်ပြင်းပြင်းကိုတော့ မေသက်နိုင် အတင်းအကြပ်မွေ့ဖက်ထားသည်။

"ဒါဆို ... မာမီကြီးလက်အောက်ရောက်သွားပြီပေါ့"

"အင်းပေါ့"

မာမီကြီးဆိုသည်က အသက် (၆၀)နီးပါးရှိသည့် မိန်းမကြီး။ အသက်





၆၀) ဟုဆိုသော်လည်း သူမပြင်ဆင်မှုတွေက ဆယ်ကျော်သက်တွေအတိုင်း ယ်တော့မဆို မျက်နှာပေါ်တွင်မိတ်ကပ်တွေ နီနီသမ်းသမ်း။ အိုင်း လိုင်နာတွေ နှင့် မျက်ခွံတွေပေါ်တွင် အစိမ်း၊ အပြာ၊ အညို အမျိုးမျိုးပြောင်းသည်။

တရားဝင်ယောကျ်ားတော့မရှိတော့။ လက်ရှိတွဲနေသည့် ယောကျ်ား ချို့တော့ရှိသည်။ ဘာတွေဘယ်လိုမှန်းတော့မသိ။ မာမီကြီးကယောသည်။ ာ်ဒယ်အေဂျင်စီတစ်ခုကို နောက်ကွယ်မှငွေစိုက်ထုတ်ကာထောင်ထားသည်။ ခြားနေရာတွင်လည်း စားသောက်ဆိုင်၊ အသားကင်ဆိုင်၊ ကေတီဗီဆိုင်၊ ိုးဆိုင်တွေပိုင်သည်။ အချောအလှမိန်းကလေးတွေ မှန်သမျှ သူကသိမ်းသွင်း ည်။ တည်းစရာခိုစရာမရှိလျှင် နေရာထိုင်ခင်းပေးသည်။ အလုပ်လိုချင်လျှင် လုပ်ရှာပေးသည်။ သူ့တွင်မိန်းမသားချင်း ကိုယ်ချင်းစာမှု၏ တစ်ဘက်တွင် ခြားရည်ရွယ်ချက်လည်းရှိကောင်း ရှိပါလိမ့်ဦးမည်။

သူမနာမည်က ဒေါ်ချိုသက်။ ရင်းနှီးသူနှင့်ကောင်မလေးတွေကတော့ ာမီကြီးဟုသာခေါ်သည်။

"အဒေါ်အိမ်မှာအဆင်မပြေလို့လား"

"ကိုမင်းကို နိုင်ခဏခဏပြောဖူးသားပဲ၊ အဒေါ်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့် အဒေါ်ယောကျ်ားနဲ့သူ့သမီးတွေက နိုင်ကိုတစ်နေ့တစ်နေ့ ိုက်ခိုက်ကြတယ်လေ၊ အလိုလိုနေရင်း မျက်မုန်းကျိုးနေတာတော့ နိုင်လည်း ာမှမတတ်နိုင်တော့ဘူး၊ ဆက်နေလို့ဘယ်မှမဖြစ်နိုင်တော့တာနဲ့ မာမီကြီး ီအစဉ်ကိုလက်ခံလိုက်တာ"

သူကိုယ်တိုင်လည်း ဘာမှမတတ်နိုင်တော့ သက်ပြင်းချရုံကလွဲလျှင် ာတတ်နိုင်ဦးမည်လဲ။

"အခု မာမီကြီးက ဘာလုပ်ပေးထားလဲ"

"ရှိုးပွဲရှိရင် ရှိုးပွဲလျှောက်၊ မရှိရင် သူ့ကိုရီးယားစားသောက်ဆိုင်မှာ

www.burmeseclassic.com



သီချင်းဆိုရမှာ''

မေသက်ခိုင်မှာ နည်းနည်းတော့ထူးခြားသည်။ ပညာအရည်အချင်း (၁၀) တန်းပင်မအောင်။ ရန်ကုန်ရောက်တော့ ကိုရီးယားဘာသာစကားကို အလွန်အမင်း သင်ချင်လာသလိုဖြစ်ကာ သင်တန်းတက်လိုက်သည်။

သူမပြောသားအလိုရဆိုလျှင် ကိုရီးယားဘာသာစကားတွေက အရင်ကတည်းကရင်းနှီးသလိုရှိပြီး သင်တော့ချက်ချင်းပင် အသံထွက်မှန်မှန်နှင့် ပြောတတ်သွားသည်ဟူ၏။ ကိုရီးယားဘာသာသင်ဆရာက သူမကိုကြည့်ကာ အလွန်အံ့သြနေ၏။ ဉာဏ်ကောင်း၍မဟုတ်။ တစ်ခွန်းသင်လိုက်သည်နှင့် တစ်ခါတည်းရနေသောကြောင့်''နင်အရင်ဘဝက ကိုရီးယားဝင်စားတာဖြစ်ရမည်''ဟု နောက်သည်။ ကိုရီးယားသီချင်းဆိုတော့လည်း ပီမှပီ။ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော ကိုရီးယားတွေ ထိုဆိုင်ရောက်၍ သူမအသံကိုကြားလေတိုင်း ကိုရီးယားယမ်းလားဟု မကြာခဏမေးခံရ၏။ မြန်မာဟုပြောတော့ လှိုက်လှိုက်လှဲလှဲ ချီးကျူးတာခံရသည်။

''ဘယ်နေ့ကပြောင်းလဲ''

''၃ ရက်ရှိပြီ''

''ခု တစ်ယောက်ထဲနေလား''

''ဟင့်အင်း မာမီကြီးက မိဆူးဆိုတဲ့ကောင်မလေးနဲ့အတူတူထားပေးတယ်၊ ကောင်မလေးက သွက်သွက်လက်လက်လေးနဲ့ အိမ်မှုကိစ္စလည်း နိုင်နင်းတယ်၊ ကိုမင်းအိမ့်ကိုသိသားပဲ၊ လာလည်ပါဦးလား''

''အင်းလေ လာခဲ့မယ်''

''တစ်ခုတော့ရှိတယ် တိုက်ခန်းကမသန့်ဘူး''

''မသန့်ဘူးဆိုတာ အခန်းအနေအထား ညစ်ပတ်တာကိုပြောတာမဟုတ်ဘူး အခန်းမှာသရဲရှိတာ''





''သရဲ''

''ဘေးခန်းက မိန်းကလေးတစ်ယောက်ပြောပြတာ၊ အရင်က ဒီအခန်းမှာလင်မယားနှစ်ယောက်၊ ကလေးတစ်ယောက်နဲ့ အိမ်ဖော်မလေးနေတာတဲ့၊ မိန်းမကလူမှုဆက်ဆံရေး တော်တော်ကိုဆိုးတယ်ပြောတယ်၊ နှစ်ယောက်စလုံးအပြင်ထွက်ပြီး အလုပ်လုပ်ကြတာ အိမ်ဖော်မလေးကိုနှိပ်စက်တာလည်း အမျိုးမျိုးတဲ့၊ ကောင်မလေးက ငရဲပြည်ရောက်နေသလိုပဲတဲ့ တစ်နေ့ကောင်မလေးမှာ ကိုယ်ဝန်ရှိလာတယ်၊ သူ့ယောကျ်ားကြောင့် ဒါကိုယောကျ်ားကိုအပြစ်မယူဘဲ ကောင်မလေးကိုပွဲကြမ်းတော့တာပဲတဲ့၊ နောက်ဆုံး ကောင်မလေးမခံနိုင်တော့တာနဲ့ မီးဖိုချောင်မှာ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သွားတာတဲ့''

''ဘယ်လိုတွေခြောက်လဲ''

''နေ့ဘက်တော့ဘာမှမဖြစ်ဘူး၊ ညဘက်ဆို မီးဖိုချောင်ထဲကနေ ခုတ်သံထစ်သံတွေကြားနေရတယ်၊ အိုးသံခွက်သံတွေကြားရတယ်၊ ချက်ပြုတ်နေတဲ့ သဘောပြတာ၊ မကြည့်ရဲလို့သွားမကြည့်ဘူး၊ ဟိုလင်မယားနှစ်ယောက်လည်း မနေရဲတော့ဘဲ ဈေးပေါပေါနဲ့မာမီကြီးကိုရောင်းသွားတာ''

''စီးပွားရေးသမားဆိုတာ ဒီလိုပါပဲ''

နေမင်းက တစ်စုံတစ်ရာကိုစဉ်းစားလိုက်ပြီး ...

''အဲဒီအတွက် စိတ်အနှောင့်အယှက်မဖြစ်ဘူးလား''

''သတ္တိတော့မွေးနေတာပဲ နိုင့်ထက်စာရင် မိဆူးကပိုပြီးတော့သတ္တိကောင်းနေသေးတယ်၊ မီးဖိုချောင်ထဲသွားကြည့်မယ် တကဲကဲလုပ်နေတာ ဒါနဲ့ ကိုမင်း လူဝင်စားဖာတ်ပြီးပြီလား''

''မပြီးသေးဘူး''

''နိုင် ဝင်သရုပ်ဆောင်နိုင်မယ့် ဇာတ်ကွက်လေးတချို့ထည့်ရေးပြီး ကုမ္ပဏီပြောကြည့်ပါလား၊ တစ်ခါမှသရုပ်မဆောင်ဘူးသေးပေမယ့် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်လေ၊ နိုင့်အနေနဲ့ကိုမင်းကိုပဲအားကိုးနေရတာ''

သူတစ်ချက်စဉ်းစားလိုက်ပြီး ...

''အင်းပါ ... ကိုယ်အဆင်ပြေသလိုကြည့်လုပ်ပေးပါ့မယ်''

''ကိုမင်း မနက်ဖြန်မနက်ပိုင်းအားရင်လာခဲ့ပါလား ကိုမင်းကြိုက်တဲ့ဟင်းချက်ထားလိုက်မယ် ဘယ်လိုလဲ''

''အားပါတယ် ... လာခဲ့မယ်လေ''

''ဒါပဲနော်''

''ဟုတ်ပြီ ... ဟုတ်ပြီ''

သူဖုန်းဖိုးပေးကာ အပေါ်ထပ်တက်လာခဲ့သည်။ နိုင်ပြောသွားသော ''ကိုမင်းကြိုက်တဲ့ဟင်း''ဆိုတာကို ပြန်တွေးနေမိသည်။ မြန်မာတစ်ယောက်ဖြစ်ပြီး သူပင်လယ်စာကို ဘာကြောင့် ကြိုက်ရပါသလဲ။ ပဲခေါက်ဆွဲကို ဘာကြောင့်ခံတွင်းတွေ့ရပါသလဲ။ သူနှင့်နိုင်အကြိုက်ချင်းတူနေသည့်အရာထဲတွင် အစားအသောက်လည်းပါသည်။

ထိုနေ့ထိသူ လှုဝင်စားဖာတ်ကိုစဉ်းစားလို့မရသေးပါ။



## သူ့ဘဝသူ့အကြောင်း

မေသက်နိုင်က ပင်လယ်စာဟင်းကို အသေအချာချက်နေသည်။ မိဆူးက လိုအပ်တာမှန်သမျှဘေးမှဝိုင်းကူသည်။ သူမနှင့်နေမင်း အစားအသောက်တွေအကြိုက်ချင်းတူကြ၍ မကြာမကြာအတူစားဖြစ်ကြသည်။ ခရုစွပ်ပြုတ်၊ အမဲသား၊ ကင်ချီတို့ဆို အသေအလဲကြိုက်။ ဟိုစဉ်က ယခုလို မလွတ်လပ်သေးသောကြောင့် အပြင်ထွက်စားတာများသည်။ ယခုတော့ ကိုယ်နေခွင့်ရသောတိုက်ခန်း။ ကိုယ်လွတ်လွတ်လပ်လပ် အသုံးပြုခွင့်ရှိသောအခန်း။

ချက်ရင်းပြုတ်ရင်းမှ သူမဖြတ်သန်းခဲ့ရသောဘဝကို ပြန်တွေးကြည့်သည်။ တကယ်တော့ သူမဘဝတွင် အဆိုးဝါးဆုံးရှိခဲ့သူမှာ မိထွေးပင်။ အမေကို မမြင်ဘူးခဲ့။ အရွယ်မရောက်ခင်ကပင် ကွယ်လွန်သွားခြင်းကြောင့်ဖြစ်သည်။

သူမမှာ ငယ်စဉ်ကတည်းက မကြာခဏချုံချာခဲ့သလို မိထွေး၏ နှိပ်စက်မှုကြောင့်လည်း စိတ်ပိုင်းဆိုင်ရာချို့ယွင်းခဲ့ရ၏။ သို့မို့ကြောင့်လည်း စိတ်ရောဂါဆရာဝန်နှင့်ပြသခဲ့ရသည်အထိပင်။ ထိုစဉ်က သူမ (၁၀)နှစ်နီးပါးခန့်သာရှိသေး၏။

''သမီးက ညဘက်ရောက်တိုင်း ထ,ထအော်တယ်ဆို''



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောဂါဆရာဝန်က ကြင်ကြင်နာနာနှင့်မေးရှာသည်။

"အိပ်မက်တွေ ထပ်ခါထပ်ခါမက်နေလို့"

"ဘယ်လိုအိပ်မက်လဲသမီးရဲ့"

"သမီး အရင်ဘဝက ကိုရီးယားမှာကချေသည်တဲ့"

"အထူးအဆန်းပါလားသမီးရဲ့ ... ဘယ်လိုကချေသည်မျိုးလဲ"

"နန်းတွင်းမှာ ဖြေဖျော်တဲ့ကချေသည်ပါ"

"အင်း ... ဆက်ပြောပါဦး"

"သမီးရဲ့အကကို အားလုံးကချီးကျူးထောပနာပြုကြတယ်၊ သမီးက အကကောင်းတာကိုး၊ ပြီးတော့ သမီးအမေက အကသင်ဆရာမတစ်ယောက်"

"အိပ်မက်ထဲမှာ အလိုလိုသိနေတယ်ပေါ့"

"ဟုတ်တယ်ဆရာ ... အမေက သမီးကို အိမ်ရှေ့စံမင်းသားလေးနဲ့ အဆင်ပြေစေချင်တယ်၊ ဒါပေမယ့် ဟိုအခိုင်းစေကြောင့်ပျက်ခဲ့ရတယ်"

"ဘယ်အခိုင်းစေလဲ သမီး"

"လီမင်းချူးဆိုတဲ့ကောင်မလေး၊ သင်တန်းမှာ ဟိုဟာနိုင်း သည်ဟာနိုင်းဖို့ခေါ်ထားတာ သူကဝါသနာကြီး ဖွဲကြီးတော့ သင်တန်းချိန်တွေမှာ အပြင်ကနေခိုးခိုးပြီးလေ့ကျင့်နေတာ၊ မုံခေါက်လည်း ကျွမ်းကျင်တယ်၊ မင်းသားလေးက သမီးထက်သူ့ကိုပိုသဘောကျသွားတယ်၊ အစေအပါးကို အခွင့်ရေးပေးလာလို့ အမေကကာကွယ်တဲ့အနေနဲ့ သူ့တဲကိုမီးရှို့တယ်၊ အဲဒီအချိန်မင်းသားလေးရောက်လာပြီး လီမင်းချူးကိုကယ်၊ အမေ့ကိုသတ်စေ အမိန့်ပေးတယ် ...

သမီးက အမျိုးမျိုးတောင်းပန်ပေမယ့်မရဘူး၊ သမီးကိုပါသတ်စေခဲ့တယ်၊ အဲဒီနေရာရောက်တိုင်း သမီး ထ,ထအော်တာပဲ"

"နောက်ထပ်အိပ်မက်တွေကရော"





"နောက်ထပ်မရှိဘူး အဲဒါကိုပဲထပ်တလဲလဲမက်နေတာ"

"ဒီအိပ်မက်ပဲပေါ့"

"ဟုတ်တယ် ... ကြာတော့နာမည်တွေတောင် အလွတ်ရလာတယ်"

"နာမည်တွေ ... "

"သမီးနာမည်က ကင်ယွန်းဂျို၊ မင်းသားလေးနာမည်က ကင်ဖြွန်း၊ အမေ့နာမည်က ဂျွန်ဂျိုးဝမ်၊ ဟိုတစ်ယောက်နာမည်က လီမင်ချူး၊ သမီးက ကင်ဖြွန်းနဲ့လီမင်းချူးကိုအရမ်းမုန်းတယ်"

"ဘာကြောင့်လဲ"

"သမီးတို့သားအမိနှစ်ယောက်လုံးကိုသတ်ခဲ့လို့လေ"

"အဲဒီအတွေးတွေကို သမီးစိတ်ထဲမှာ မထားကောင်းဘူးသမီးလေးရဲ့"

"သမီးစိတ်ထဲမှာတော့ သူတို့ကို ဘယ်တော့မှမကျေဘူး"

သည့်နေရာအရောက်တွင် အဖေက စကားတစ်ခွန်းဝင်ပြောသည်။

"ထူးဆန်းတယ်လို့ပြောရမလားမသိဘူးဆရာ ... တစ်ခါတလေ သူဟာစ်ယောက်ထဲ စောင်ပါးလေးကို ကိုရီးယားဝတ်စုံလိုဝတ်ပြီး ခြေမြှောက် လက်မြှောက်ကနေတတ်သလို ဘေးနားမှာတစ်စုံတစ်ယောက်ရှိနေသလိုလို ဘာသာစကားတစ်မျိုးပြောပြီး ရန်တွေ့နေတတ်တာ၊ ဒါတွေဖြစ်နေတာကို သူမသိဘူး။ နတ်ဝင်သည်တွေဖြစ်နေသလိုပဲ"

"သမီး အဲဒီလိုတွေလုပ်တာသိသလား"

"ဟင့်အင်း မသိဘူး"

"စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားတာလား"

"ဟုတ်တယ်"

ရောဂါဆန်းဟုပင်ဆိုဆို ရုံဖန်ရံခါ အသိစိတ်တို့ ရှင်တရက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတာမျိုး သူမတွင်ရှိသည်။ ခုနောက်ပိုင်းတွင် ထိုအဖြစ်မျိုး နည်းလာခဲ့၏။

မိတွေးကြောင့် သူမ (၁၀) တန်းကိုဖြောင့်ဖြောင့်ပင်မဖြေနိုင်ပါ။ သို့ဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်မည်ဟူသော ဆုံးဖြတ်ချက်နှင့် ရန်ကုန်တွင်နေသောအဖေ့ညီမအဒေါ်အိမ်တွင်နေရန် ဆုံးဖြတ်လိုက်သည်။ အဖေက သူမအတွက် ဘဏ်တွင် သိန်း(၁၀၀) အပ်ထားပေးခဲ့၏။

သူမ စွပ်ပြုတ်အိုးဆူခါနီးဆဲဆဲတွင် တံခါးဆီမှတီးလုံးသံလေးမြည်လာသည်။

"ကိုမင်းလာပြီထင်တယ် မိဆူ၊ အဲဒီအိုးလေးဆက်ကြည့်ထားလိုက်ဦး၊ ဆူရင်ချထားလိုက်တော့"

"ဟုတ်"

သူမ တံခါးဆီသို့သွားကာဖွင့်ပေးသည်။ နေမင်းက သားသားနားနားလေးဝတ်လာသည်။

"ဘယ်လိုလဲ ကျက်ပြီလား"

"ကိုမင်း ဆာနေပြီလား၊ ပဲပြားအစိမ်းသုပ်လေးပြီးရင်တော့ပြီးပါပြီ"

"မဆာသေးပါဘူး မေးကြည့်တာ"

"ကိုမင်းကြိုက်တဲ့ ဆိုဂျူးဝယ်ထားတယ်၊ သောက်ထားနှင့်မလား"

"သိပ်ကိုအဆင်ပြေတာပေါ့"

ထို့နောက် သူမကအိမ်နောက်ဖေးဝင်သွားကာ ဆိုဂျူးနှင့်အမြည်းတစ်ပွဲယူလာသည်။

"နိုင်က အဲဒါတွေကြောင့်တော်နေတာ"

"ကိုယ့်ချစ်သူ ဘာကြိုက်လဲဆိုတာတော့ အကြမ်းဖျင်းသိထားဖို့လိုတယ်လေ"





သူကပြုံးစေ့စေ့နှင့်ခေါင်းညိတ်သည်။ နောက် ဆိုဂျူးတစ်ခွက်ကိုငှဲ့သောက်လိုက်၏။

"နိုင်နဲ့ကိုယ် ဘယ်လိုရေစက်ကြောင့်လာဆုံရသလဲမသိဘူးနော်"

"ရှေးဘဝကကံတွေကြောင့်နေမှာပေါ့"

ရုတ်တရက်ဆိုသလို မေသက်နိုင် တစ်ကိုယ်လုံး ပူခနဲ ကျင်ခနဲဖြစ်သွားသည်။ ဘယ်ဖြစ်သွားမှန်းလည်းမသိပေ။

ထို့နောက် _ သူမက ဖိတ်စာလေးတစ်စောင်ထုတ်ပေးသည်။

"ဘာလဲ"

"လာမယ့် Sunday မှာ နိုင်တို့ဆိုင်မှာ အထူးအစီအစဉ်ရှိတယ်၊ ကိုရီးယားယဉ်ကျေးမှု ကပွဲလေးလုပ်မှာ၊ ကိုရီးယားအစစ်တွေပါသလို မြန်မာတွေလည်းပါတယ် အဲ ... နိုင်လည်းပါတယ်ဆိုပါတော့"

"နိုင်က ဘာတာဝန်ယူရတာလဲ"

"ဟင့်အင်း ... မပြောဘူး ဟိုရောက်တော့သိမှာပေါ့"

"အရင်ဆိုင်မှာပဲမဟုတ်လား"

"ဟုတ်တယ် ပွဲက ည(၇) နာရီစမှာ ဆက်ဆက်လာခဲ့ရမယ်နော်"

"အကျွေးအမွေးကောပါလား"

"ပါတာပေါ့ ကိုရီးယားဆိုင်ရာသံရုံး ဆာပွန်ဆာလုပ်တာ"

"ဒါဆို လာပြီးသားပဲ"

သူ နောက်တစ်ခွက်မော့လိုက်ပြန်သည်။ စိတ်ထဲတွင်ကြည်လင်သွားသလိုခံစားလိုက်ရ၏။

"ဇာတ်လမ်းကောစိတ်ကူးလို့ရပြီလား"

သူကခေါင်းခါသည်။

"ဒါမျိုး တမင်လုပ်ယူလို့မှမရတာ၊ ရချင်ရင်လည်း ဦးနှောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ဝင်လာတာနဲ့ဒိုင်းခနဲပဲ''

''နိုင့်ကိုလည်း သတိရပါနော်''

''တကယ်ကြုံများရင်တော့ ဖြစ်လာမှာပါ''

နေမင်း အိမ်ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်၏။ မဆိုးပါ။ ရှိသင့်ရှိထိုက်သော အိမ်ထောင်ပရိဘောဂတွေနှင့် သပ်သပ်ရပ်ရပ် လှလှပပ။ ဖုန်းပင်ထားပေးလိုက်သေးသည်။

ထိုစဉ် ...

လူခေါ်ခေါင်းလောင်းမှအသံမြည်လာသည်။

''ဘယ်သူ့ကိုချိန်းထားသေးလဲ''

''ဟင့်အင်း ... မချိန်းထားပါဘူး၊ ဘယ်သူများပါလိမ့်''

သူမဖဝေဖဝါဖြစ်ကာ အခန်းတံခါးဆီသို့ ခပ်သွက်သွက်လျှောက်သွားလေ၏။



## ရာဇဝင်များနှင့်သူတို့

အခန်းတံခါးပွင့်သွားတော့ သူမ အလွန်အမင်း အံ့အားသင့်သွားသည်။

''မာမီကြီး''

ဟုတ်သည်။ သူ မမျှော်လင့်ထားသော ဧည့်သည်။ အကြောင်းကြီး ငယ်ရှိလျှင် ဖုန်းဆက်ပြော၍ရပါလျက်နှင့် ယခုတော့ လူကိုယ်တိုင်ရောက်လာခြင်းမှာ ဆန်းနေသည်။

''ကြွပြီးဖုန်းဆက်ရောပေါ့ မာမီကြီးရယ်''

မာမီကြီးက အခန်းအတွင်းသို့ချည်းနင်းဝင်ရောက်လာခဲ့သည်။ ဧည့်ခန်းတွင် ဆိုဂျူးသောက်နေသော နေမင်းကို မလိုလားသလို အကြည့်တစ်ချက်ကြည့်လိုက်၏။

''ထိုင်ပါ မာမီကြီး''

နေမင်းရှိနေသဖြင့် သူမအင်တင်တင်ဖြစ်နေသည်။ သို့သော် အစွန်ဆုံးဆိုဖာတွင်ဝင်ထိုင်လိုက်ပါသည်။

''မိဆွေးရေ ... မာမီကြီးအတွက် တစ်ခုခုလုပ်ပါဦးကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"နေ ... နေ ... ရတယ်၊ ဘာမှမလုပ်နဲ့"

"မဟုတ်တာပဲ မာမီကြီးရယ် _ အအေးလောက်တော့သောက်ပါ"

မာမီကြီးတိတ်ဆိတ်သွားပြန်သည်။ ထို့နောက် နေမင်းကိုမေးငေါ့ကာ

"သူက ဘယ်သူလဲ"

"အဲ _ မာမီကြီးကိုမိတ်ဆက်ပေးရဦးမယ်၊ သူကဇာတ်ညွှန်းဆရာ ကိုနေမင်းတဲ့၊ သူရေးတဲ့ကားတွေမနည်းတော့ဘူး။ ကိုနေမင်း မာမီက လုပ်ငန်းပိုင်ရှင် ဒေါ်ချိုသက်တဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

"နိုင်နဲ့ဘယ်လိုပတ်သက်လဲ"

"အဲ ... ဟို ... မိတ်ဆွေတွေပါ"

"နောင်ကို ဒီလိုပဲမကြာခဏလာနေမှာလား"

"ရှင်"

ထိုစကားက နေမင်းကို အတန်ငယ်အောင့်သက်သွားစေပါသည်။ သည်လိုစကားမျိုးမဆိုသင့်ဘူးဟူ၍လည်းတွက်သည်။

"ဒေါ်ချိုသက် ဘယ်လိုစကားမျိုးပြောလိုက်တာလဲ"

"အန်တီပြောတာက ရှင်းရှင်းလေးပါ၊ လူဆိုတာမိတ်ဆွေရှိတာ မိတ်ဆွေထားတာကောင်းတဲ့အလုပ်ပါ၊ ဘာမှပိတ်ပင်စရာမရှိပါဘူး။ ဒါပေမယ့် မိန်းကလေးတစ်ယောက်တည်းနေတဲ့ အခန်းကိုမကြာမကြာလာရင် ပတ်ဝန်းကျင်ကအထင်လွဲ မှာစိုးလို့ပါ"

"ကိုနေမင်းဟာ လူကောင်းပါမာမီ"

မေသက်နိုင်က နေမင်းဘက်မှကူပြောသည်။

"သူကောင်းတာ ကိုယ်ပဲသိတယ်လေ၊ တခြားသူစိမ်းက ဘယ်လိုသိမှာလဲ"





"အန်တီ့အခန်းမှာနေရတယ်ဆိုပြီး ချုပ်ချယ်နေတာလား"

"ဘယ်မှာနေနေ စည်းကမ်းတော့ရှိသင့်တာပေါ့"

"နိုင့်ကို အန်တီမပိုင်သေးဘူးနော်"

"မင်း ဘာစကားပြောလိုက်တာလဲ"

"အန်တီကြိုးဆွဲရာကမယ့် ရုပ်သေးရုပ်တစ်ရုပ်တော့မဟုတ်ဘူးလို့ ပြောတာ"

"မင်းစကားတွေက လွန်လွန်းလာပြီနော်"

"ကျွန်တော်မှန်တာကိုပြောနေတာ ငွေရှိတိုင်း၊ လုပ်ငန်းကိုင်ငန်းတွေရှိတိုင်း မိန်းကလေးတွေကိုနေရာပေး၊ အလုပ်ပေးပြီးလိုအပ်တာထက် ပိုအသုံးချမယ်ဆိုရင် ကျွန်တော်လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး"

"မင့် ပိုင်စိုးပိုင်နင်းပြောနေပါလား၊ မင်းနဲ့နိုင် ဘာပတ်သက်လဲ"

"မှန်ရာကိုပြောရရင် ချစ်သူတွေ"

ဒေါ်ချိုသက် မျက်မှောင်တစ်ချက်ကျုံ့သွားသည်။

"တော်ပါတော့ ကိုနေမင်းရယ် _ စိတ်ညစ်ပါတယ်"

အရက်ကလေးဝင်နေပြီမို့ နှုတ်သွက်အာသွက်ဖြစ်နေသည်။ ဘာကိုမှလည်း ထိန်းမထားချင်တော့။

"သူပြောတာ ဟုတ်လားမနိုင်"

မာမီကရှင်းရှင်းလင်းလင်းမေးလာသည်မို့ သူကွယ်ဝှက်မထားချင်တော့ပါ။

ခေါင်းကိုအသာညိတ်ပြလိုက်၏။

ထို့နောက် _ အတန်ကြာ တိတ်ဆိတ်သွားပြန်၏။ မိဆူးက အချိုရည်ပုလင်းလာချပေးသည်။

"သောက်လိုက်ပါဦး မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရက်က လူလွှတ်ပြီးအခန်းကိုပြင်ခိုင်းရတာ အဲဒါအဆင်ပြေမပြေလာကြည့်တာ"

"အားလုံးအဆင်ပြေပါတယ် မာမီ"

"ဟိုနေ့အတွက်ရော အားလုံးပြင်ဆင်ပြီးပြီလား"

"ပြင်ဆင်ပြီးပါပြီ မာမီ"

"အရာရာအလွဲအချော်မရှိစေနဲ့နော်ကြားလား"

"ဟုတ်ကဲ့"

ဒေါ်ချိုသက် မတ်တတ်ထရပ်လိုက်သည်။

"အင်းလေ ... ဒါဆိုလည်းငါပြန်မယ် လိုတာရှိရင်ဖုန်းဆက်လိုက်၊ မိဆူး မနိုင်နိုင်းသမျှမငြိုငြင်နဲ့နော်"

"ဟုတ်ကဲ့ မာမီကြီး"

သူမ နေမင်းကိုနှုတ်မဆက်တော့ဘဲ အောက်သို့ဆင်းသွား၏။ မနိုင်ကကားဆီထိလိုက်ပို့ပေး၏။ သူကတော့ ခပ်အေးအေးပင် အရက်ဆက်သောက်လိုက်နေလိုက်၏။

မေသက်နိုင်ပြန်လာသောအခါ လေပူပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး...

"တိုက်တိုက်ဆိုင်ဆိုင် သူနဲ့မှလာတိုးရတယ်လို့"

"ဒီမိန်းမကြည့်ရတာ တစ်မျိုးကြီး"

"စိတ်ရင်းတော့ကောင်းပါတယ် ကိုမင်း"

"သူက ကိုယ့်ကိုအသုံးချတော့မှာကိုး ကောင်းမှာပေါ့"

"ဒီလိုမပြောပါနဲ့ကိုမင်းရယ်၊ တစ်ဦးနဲ့တစ်ဦးဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသဘောပါပဲ သူဖြည့်ဆည်းပေးသမျှတော့ ကိုယ်ကပြန်ပေးဆပ်ရမှာသဘာဝပဲလေ"





"အင်းလေ ... ခိုင်ကြည်ဖြူရင်ပြီးတာပါပဲ အောက်မှာဘာပြောသွားသေးလဲ"

"ဘာမှမပြောဘူး ငွေအသုံးလိုရင်ယူထားဦးမလားတဲ့၊ ဟိုတလောကယူပြီးပြီမို့မယူတော့ပါဘူး"

"တစ်စုံတရာ အခက်အခဲဖြစ်လာရင် ကိုမင်းကိုပွင့်ပွင့်လင်းလင်းဖွင့်ပြောနော်၊ ရင်ထဲမှာသိမ်းမထားနဲ့"

သို့ဖြင့် သူတို့ထမင်းစားကြသည်။ စရင်းနောက်ရင်း ပြောင်ပြောင်နောက်နောက်တွေပြောကြရင်း စောစောကအကြောင်းတွေ မေ့သွားကြသည်။ နေမင်း တစ်ခုတော့တွေးသည်။

ဒေါ်ချိုသက်သည် ဘယ်လိုမိန်းမမျိုးလဲ။

သူ့စေတနာတွေသည် အတုအယောင်တွေလား၊ အစစ်အမှန်တွေလား။

ဒေါ်ချိုသက် ဘယ်လမ်းကိုလျှောက်နေတာလဲ။ ထမင်းစားနေစဉ် မေသက်နိုင်ပြောသောစကားတွေထဲမှ တစ်ခွန်းကိုတော့ ကောင်းကောင်းသူမှတ်မိနေသည်။

"ဒေါ်ချိုသက်ကလည်း ကင်ချီဆိုကြိုက်မှကြိုက် ကိုရီးယားဝင်စားသလား အောက်မေ့ရတယ်၊ အဲဒီလို အစားအသောက်ကိုခုံမင်ခဲ့လို့လည်း ကိုရီးယားစားသောက်ဆိုင်ကြီး ခမ်းခမ်းနားနားဖွင့်ခဲ့တာကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## သူသာနဲတွင်တွေ့ရှိက်ရသော မိညာဉ်

သုံးရက်လောက်အကြာ မေသက်နိုင်က ရေဝေးသုသာန်သို့လိုက်ခဲ့ပါဟု ဖုန်းဆက်ပြောသောကြောင့် သူအနည်းငယ်ကြောင်သွားသည်။

"ဘယ်သူဘာဖြစ်တာလဲ"

"ဆိုင်ကကောင်မလေးတစ်ယောက်"

"ဘာဖြစ်တာလဲ"

"အိပ်ဆေးတွေအသောက်များပြီး ... "

"အသက်ဘယ်လောက်လဲ"

"၂၂ နှစ်"

"ငယ်သေးတာပဲ ဘာလို့များလဲကွာ"

"ရည်းစားအတွက်ကြောင့်လို့ပြောတာပဲ"

"ဘယ်မှာနေတာလဲ"

"မြောက်ဥက္ကလာ"

"အိမ်ကိုသွားမှာလား"

ဂျရင့်အောင်စာဝေ



"အချိန်မရတော့ဘူး။ Taxi နဲ့ပဲရေဝေးကိုသွားကြမယ်"

"ကောင်းပြီလေ ... ခဏစောင့် ကိုယ်ချက်ချင်းလာခဲ့မယ်"

သူအဝတ်အစား မြန်မြန်လဲကာ Taxi ငှားလျှက် မေသက်နိုင်တို့တိုက်ခန်းသို့သွားသည်။ သူမကတိုက်အောက်တွင်အဆင်သင့် စောင့်နေပါသည်။

"ဘယ်အချိန်သင်္ဂြိုဟ်မှာလဲ"

"၂ နာရီ"

သူက နာရီကိုအလောသုံးဆယ်ကြည့်လိုက်ကာ –

"ခုမှ (၁) နာရီပဲရှိသေးတယ် ... မီပါတယ်"

သူတို့က ကားဆရာကို ခပ်သွက်သွက်မောင်းခိုင်းလိုက်သည်။

"ဒေါ်ချိုသက်လာမှာလား သူ့ဆိုင်ကလူပဲ"

"မာမီကြီးအရေးကြီးတဲ့ကိစ္စနဲ့တောင်ကြီးရောက်နေတယ်၊ ဖုန်းလှမ်းဆက်တော့ သူ့မန်နေဂျာဆီက အသုံးလိုသလောက်ထုတ်ယူပါတဲ့"

"ဒီမိန်းမ အလုပ်အရမ်းလုပ်တာပဲနော်"

"သူက အလုပ်မလုပ်ရရင်ကိုမနေနိုင်တာ၊ မိန်းမတစ်ယောက်ဖြစ်ပြီး ယောက်ျားတွေနဲ့ရင်ဘောင်တန်းပြီးလုပ်တာ၊ အားကျဖို့တော့ကောင်းတယ်"

ရေဝေးကိုရောက်တော့ (၂)နာရီထိုးရန် ၁၅ မိနစ်လိုသေးသည်။

"နိုင်ပဲသွားလိုက် ကိုယ်တစ်နေရာရာမှာစောင့်နေမယ်"

"ထိုင်ခုံတွေမှာ ဝင်ထိုင်နေလေ"

"သွားပါ"

သူမ ဇောခန်းထဲသို့ခပ်သုတ်သုတ်ဝင်သွားသည်။ သေဆုံးသူ၏မိဘနှင့်ဆွေမျိုးသားချင်းကိုတော့ မသိပါ။ ဆိုင်ကလုပ်ဖော်ကိုင်ဖက် တစ်ယောက်နှစ်ယောက်စတော့တွေ့သည်။

ဂျရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



သံခုတင်ပေါ်တွင် ပန်းတွေဝေနေအောင်ကြဲထားသည့် ကောင်မလေး၏အလောင်းမှာ အိပ်နေသလားဟုပင်ထင်ရ၏။

သဘောကောင်း မနောကောင်း အေးအေးလူလူနေတတ်သော ကောင်မလေး။ ဘယ်သောအခါမဆို ပြုံးပြုံးကြည်ကြည်လေးနှင့် အမြဲချစ်စဖွယ်စကားဆိုတတ်သူ။ အချောကြီးမဟုတ်သော်လည်း ယဉ်ယဉ်လေးလှသူ။

"ယောက်ျားတစ်ယောက်အတွက်နဲ့များ ဘဝကိုအဆုံးခံရသလား ကောင်မလေးရယ်"

သူမ မချိတင်ကဲဖြစ်မိသည်။ ကောင်လေးက ဘယ်လိုများနှိပ်စက်သွားပါလိမ့်။ ခွေးမျိုးသားချင်းတွေ အော်ဟစ်ငိုကြွေးတော့ သူမမျက်ဝန်းတွင် မျက်ရည်တွေရစ်ဝဲလာသည်။ ထိုသို့သော မီးမျိုးကိုတော့ သူမ မခံစားလိုပါ။

အလောင်းပြင်ထားသော နေရာတစ်ဝိုက်တွင် လူတွေအုံခဲနေသည်။ နောက်ဆုံးအချိန်တွေပင်မဟုတ်ပါလား။

အမှတ်မထင် လူအုပ်ကြားထဲမှ လူတစ်ယောက်၏ဦးခေါင်းကို ဖျတ်ခနဲမြင်လိုက်ရသည်။

"ဟင်"

ကိုရီးယားနန်းတွင်းဝတ်စုံနှင့်။

တွေ့ဖူးနေသည်။

အသေအချာကိုတွေ့ဖူးနေသည်။ ဘယ်မှာပါလဲ။

အိပ်မက်ထဲတွင် ထပ်ခါထပ်ခါမက်နေသော မင်းသားလေးကင်ပြွန်း။

မင်းသားလေးမှ တကယ့်မင်းသားလေးအစစ်။ သူမကို စူးစိုက်ကြည့်နေတာတွေ့တော့ ကြက်သီးမွေးညင်းတွေထသွားသည်။

မင်းသားလေး ကင်ပြွန်း ဘာကြောင့် ဒီနေရာကို ရောက်လာခဲ့ရပါသလဲ။ ထူးတော့ထူးဆန်းလှပါ၏။





"မင်းသားလေး ကင်ပြွန်း"

သူမတစ်ယောက်သာ မင်းသားလေးကိုမြင်ပြီး တခြားသူတွေမြင်ပုံမရပါ။ မင်းသားလေးက လူအုပ်ကြားထဲမှဖြတ်လျှောက်သည်။

ဘယ်သွားမလို့ပါလဲ။

သူမ မင်းသားလေးနောက်မှလိုက်ကြည့်သည်။ သူက လူတွေကြားကို အလွယ်တကူပင်ကျော်ဖြတ်သည်။ လူတွေ ဘယ်လိုမှဟန့်ဖျက်မသွားကြ။

သူမ အံကိုတစ်ချက်ကြိတ်လိုက်သည်။

မှန်းနေသူစိတ်ထဲတွင် အတွေးပုံရိပ်တွေ ဖျတ်ခနဲဖျတ်ခနဲ ပြန်ပေါ်လာကာ နာကြည်းစိတ်တို့သည်လည်း အသစ်ပြန်ပေါ်လာရလေပြီ။

သူမမိခင်ကိုသေမိန့်ချခဲ့စေသော ...

သူမအားမညှာမတာလည်မျိုအား ဓရင်းတုတ်ဖြင့်ရိုက်သတ်စေခဲ့သော ထိုမျက်နှာကို သူမဘယ်တော့မှမေ့မည်မဟုတ်ပါ။

"နင် ဘယ်သွားမှာလဲ"

သူမ သူ့နောက်သို့တကောက်ကောက်လိုက်သွားသည်။ ထိုစဉ်အခိုက်အတန့်လေးတွင် သူမစိတ်နှင့်သူမကိုယ်မဟုတ်တော့။ တစ်စုံတစ်ရာ၏ တိုက်တွန်းချက်၊ နှိုးဆော်ချက်တို့ဖြင့် သူမလွင့်ဝဲနေရသည့်အဖြစ်၊ အစေစားခံနေရသည့်အဖြစ်။

ထိုဝိညာဉ်က သူမကိုတစ်ချက်တစ်ချက်လှမ်းကြည့်ကာ တစ်ခုခုပြောချင်နေပုံရသည်။

သူဆိုလိုသည့်အဓိပ္ပါယ်ကို ပုံဖော်ရန်မှာ ခက်ခဲလှပါ၏။ သူ ... ဘာကိုဆိုလိုချင်ပါသလဲ။

သူက ထိုင်ခုံတွေဘေးတွင် မတ်တတ်ရပ်နေသော နေမင်းဆီသို့ဦးတည်သွားနေသည်။ သူနှင့်နေမင်းဘယ်လိုပတ်သက်နေပါသလဲ။ သူမအဖြစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူတွေကတော့ သတိထားမိပုံမပေါ်ပါ။

ဟော — သူနေမင်းအနားသို့ရောက်သွားပြီ။

နေမင်းကတော့ ဘာမျှမသိ။ တစ်ဖက်ရှိ ကွင်းပြင်ကျယ်သို့သာ ငေးမောနေတာတွေ့သည်။

မြင်ရသောမြင်ကွင်းက အတော်လေးထူးဆန်းပါသည်။

ကင်ပွန်းတစ်ယောက် နေမင်းခန္ဓာကိုယ်ထဲသို့ တည့်တည့်ကြီးဝင်သွားခြင်းကြောင့်ဖြစ်သည်။

သူမပါးစပ်လေးအဟောင်းသားဖြစ်သွား၏။ ထိုသို့ဆိုလျှင် ကင်ပွန်းနှင့်နေမင်း ဆက်စပ်ပတ်သက်နေပါသလား။

"ဟင် … နိုင်"

ထိုအသံကြောင့် သူမဆတ်ခနဲအသိစိတ်တွေပြန်ဝင်လာသည်။

"နိုင်ဘယ်တုန်းက ဒီနားရောက်နေတာလဲ"

သူမ ငေးကြောင်ကြောင်နှင့်ခေါင်းရမ်းလိုက်သည်။ ဟုတ်သည် ထိုအချိန်တွင် စောစောကမြင်ခဲ့ရသော ကင်ပွန်းသည်လည်း သူမဦးနှောက်တွင် မရှိတော့။ သူမ ဘာကြောင့်သည်နေရာကိုရောက်နေရသည်လည်းမသိတော့။

အလောင်းပြင်ထားသည့်နေရာမှ မတ်တတ်အနေအထားနှင့် နေမင်းအနားတွင်မတ်တတ်ရပ်နေသော ကြားကာလသည် သူမဦးနှောက်ထဲတွင် ဘာမျှမမှတ်မိတော့။ ကွက်လပ်ကြီးဖြစ်သွားသည်။

နေမင်းကတော့ သူငယ်ချင်းအဖြစ်ကိုကြည့်ကာ ကြေကွဲထိနိုက်ရသောကြောင့် ကြောင်တောင်တောင်ဖြစ်သွားလေသလားဟု နိုးရိုးလေးသာတွေးသည်။

"နိုင် မင်းဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

မကြာခင်မှာပင် အသုဘ မီးသင်္ဂြိုဟ်ရန်အလောင်းကိုတွန်းရွှေ့လာကြ





သည်။ နောက်ဆုံးလမ်း။ နောက်ဆုံးခရီး၏ပြယုဂ်လေးပင်။ ပူဆွေးသောကနှင့် လောင်မြိုက်သံတွေက ဆူညံပွက်လောရိုက်နေ၏။ ထို့နောက် — အလောင်းကို မီးသင်္ဂြိုလ်စက်ထဲထည့်လိုက်ကြ၏။

"ကိုယ့်တို့ပြန်ကြရအောင် အားလုံးပြီးပြီပဲ Taxi သမားလည်း စောင့်နေရတာ အားနာစရာကြီး"

မေသက်နိုင် ခေါင်းလေးကိုညိတ်ကာ နေမင်းတွဲခေါ်ရာသို့လိုက်ပါခဲ့၏။ ကားထဲဝင်လိုက်ပြီးချိန်တွင် Taxi သမားက စက်ကိုနှိုးကာမောင်းထွက်သည်။

ယင်းအခိုက် ခန္ဓာကိုယ်တစ်ခုလုံးကျင်တက်လာကာ လှုံ့ဆော်မှုတစ်မျိုး သူမခံစားလာရသောကြောင့် ရေဝေးမျက်နှာစာသို့ဖျတ်ခနဲ လှည့်ပြန်လျက်ကြည့်လိုက်သည်။

ကွက်လပ်ပြင်ကျယ်တွင် သေဆုံးသူ သူငယ်ချင်းကသူမတို့ကားအား မတ်တတ်ရပ်၊ လက်လေးဝှေ့ရမ်း၍ နှုတ်ဆက်ကျန်ခဲ့သောပုံရိပ်ကို ကောင်းစွာမြင်လိုက်ရပါ၏။

www.burmeseclassic.com

## ဘဝဓဟောင်းအမုံရိပ်

တကယ်ဆိုလျှင် မေသက်နိုင်ဖိတ်ထားသောဖိတ်စာလေးနှင့် ပတ်သက်ပြီး သူမေ့လျော့ခြင်းမျိုးတော့မဟုတ်ပါ။ သည်နေ့ တနင်္ဂနွေဆိုတာ သူသိသည်။ ည (၇) နာရီတွင်ပွဲရှိကြောင်း သူသိသည်။ မေသက်နိုင်ပြောသလိုပင် အထူးအစီအစဉ်ဆိုတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

သို့သော် ... သူစိတ်တွေမပါသလိုဖြစ်နေရသည်က ယခုကျင်းပမည့် နေရာသည် ဒေါ်ချိုသက်ပိုင်ဆိုင်သော Happy House ဆိုသော ကိုရီးယား စားသောက်ဆိုင်ခန်းမတွင်ဖြစ်သောကြောင့်ပင်။

သူ ဒေါ်ချိုသက်ကိုတစ်ကြိမ်ဆုံဖူးကတည်းက စိတ်ထဲတွင်ထင့်နေသည်။ မျက်နှာချင်းမဆိုင်ချင်တာလား။ စကားမပြောချင်တာလား။ မပတ်သက်ချင်တာလား။ ဘာမှန်းကိုရေရေရာရာမသိ။ ဒေါ်ချိုသက်၏အတွင်းစိတ်ထဲတွင် သူ့ကို မေသက်နိုင်နှင့်ပတ်သက်နေ၍ တစ်ထစ်လျှော့လိုက်တာမျိုးဖြစ်ပြီး အတွင်းသဘောထားနာချင်းမှာတော့ ဘဝင်ကျစိတ်ရှိမည်မထင်။ ထိုပွဲတွင် သူမနှင့် မလွဲမသွေဆုံရဦးမည်။





ထို့ကြောင့် မသွားတော့ဘူးဟုစိတ်ကူးကာ တစ်ညနေလုံး TV ဂိမ်းထိုင်နှိပ်နေသည်။ ညစာကိုတော့ဖြစ်သလိုနှင့်စားလိုက်မည်။ (၆) နာရီခွဲလောက်တွင် ...

"ကိုနေမင်း ... ဖုန်းလာတယ်"

အောက်ထပ်မှလာခေါ်သောကြောင့် သူဖုန်းခွက်ကိုကိုင်ဖြစ်၏။

"ဟဲလို"

"ကိုမင်း အခုရေချိုးပြီးပြီလား"

"ဟင့်အင်း"

အစီအစဉ်မရှိသောကြောင့် ရေချိုးနေစရာလည်းမလိုတော့ပေ။

"ကြည့်ပါလား ခုချိန်ထိဘာလုပ်နေတာလဲလို့ မြန်မြန်ချိုးအချိန်မရှိတော့ဘူး၊ နိုင်တောင်ဆိုင်ရောက်နေပြီ"

သူ မလာနိုင်တော့ကြောင်းပြောမည်အပြု ...

"မာမီကမေးတယ်သိလား၊ နင့်ရည်းစားကိုရောဖိတ်ထားသေးလားတဲ့၊ နိုင်က အင်းလို့ဆိုတော့ သူဘာမှမပြောတော့ဘူး၊ ကိုမင်း အဝတ်အစား သပ်သပ်ရပ်ရပ်လေးဝတ်လာခဲ့နော်၊ ဟိုတယ်က ကိုရီးယားတွေကိုဖိတ်ထားတာ မြန်မြန်လုပ်နော် ဒါပဲ"

သူမပြောပြောဆိုဆို ဖုန်းချသွားသည်။ သူ ဘာတစ်ခွန်းမှမဟလိုက်ရ။ ထိုသို့ဆိုလျှင် မသွားလျှင်ကောင်းပါ့မည်လား။ မေသက်နိုင်နှင့်ပတ်သက်နေသမျှတော့ သူတို့မာမီကြီးနှင့်မကောင်းနိုင်။ သဘောမတွေ့သော်လည်း ဆက်ဆံနေရမည်သာ။ သူလေပူပြင်းတစ်ချက်ကို မှုတ်ထုတ်လျက် ရေချိုးခန်းဝင်လိုက်သည်။ ထို့နောက်အဝတ်အစားလဲကာ အောက်ထပ်သို့ဆင်းလာခဲ့သည်။ လှေကားထစ်လေးများကို တစ်ထစ်ချင်းဆင်းလာနိုက် တစ်ခါကမေသက်နိုင်ပြောသော စကားတချို့ကိုပြန်ကြားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း ဇာတ်ညွှန်းရေးဆရာလုပ်ဖို့မကောင်းဘူး။ မင်းသားလုပ်ဖို့ ကောင်းတယ် စိတ်လိုလက်ရဝတ်စားထားလိုက်ရင် အရမ်းစတိုင်မိတယ်သိလား၊ ပြီးတော့ ကိုရီးယားမင်းသားတွေလိုလည်းချောတယ် ဟီး ဟီး"

သည်ညအဖို့တော့ သူ့မစိတ်ကြိုက်နေမင်းဝတ်လာခဲ့သည်။ ခဲသားရောင်စတိုင်ဘောင်းဘီ၊ အပေါ်အဖြူရောင်ရှပ်ပေါ်တွင် အနက်ရောင်ဝတ်စကုပ်ကို ဝတ်ထားသည်။ နကတိုင်ကမီးခိုးရောင်။ သည်ဝတ်စုံက သူ့မစိတ်တိုင်းကျရွေးချယ်ပေးခဲ့သည့်ဝတ်စုံ။

သူ့ Taxi ငှားကာ Happy House သို့မောင်းနှင်းခဲ့သည်။ဆိုင်အဝင်လမ်းကလေးက ကဗျာဆန်သည်။ အနိမ့်အမြင့်အကွေ့အကောက် ကတ္တရာလမ်းကလေး တစ်ဘက်တစ်ချက်တွင် စိန်ပန်းပင်၊ ငုဝါပင်၊ ပိတောက်ပင်တွေက အစီအရီပေါက်နေသည်။ ခုတာအကြာတွင် အင်လျားကန်ရေပြင်ကို ဘွားခနဲတွေ့လိုက်ရ၏။ အတန်ငယ်မှောင်နေပြီဖြစ်သောကြောင့် လမ်းဘေးမီးရောင်များအလင်းနှင့် ကန်ရေပြင်ကိုခပ်ရိပ်ရိပ်သာမြင်ရတော့သည်။

"Happy House နော်"

"ဟုတ်တယ် ဟိုကန်စောင်းမှာမီးရောင်ထွန်းထားတဲ့ဆိုင်"

ဆိုင်ဝရိယာထဲဝင်တော့ ကားတွေရောက်နေတာပြည့်ကျပ်နေပြီ။ ဆိုင်အတွင်းမှ တေးဂီတသံတချို့ အပြင်သို့ဝေ့ဝဲရောက်ရှိလာ၏။

နေမင်း ကားပေါ်မှဆင်းကာ ဆိုင်ဝင်ပေါက်ရှေ့သို့ ဣန္ဒြေရရဝင်လာခဲ့သည်။ မြင်ကွင်းက နည်းနည်းတော့ဆန်းသည်။ ဆိုင်ပေါက်တစ်ဘက်တစ်ချပ်တွင် ကောင်မလေးတချို့ ကိုရီးယားဝတ်စုံကိုဝတ်ကာ စီတန်းလျှက် ဝင်လာသူတိုင်းကို ခါးလေးကွေး ဦးလေးညွှတ်ကာ "အညဇယော"ဆိုသော နှုတ်ဆက်စကားဖြင့်ကြိုဆိုကြ၏။ ခဏအတွင်းပင် သူကိုယ်တိုင် ဆိုးလ်သို့ရောက်သွားသလိုလို။





ခန်းမအတွင်းသို့ဝင်လျှင်ဝင်ချင်း ညှော်ကြိုလေးတစ်ဦးက ...

"လူကြီးမင်း ဖိတ်စာပါပါသလားခင်ဗျာ"

သူက အတွင်းအိတ်ထဲမှ ဖိတ်စာကိုထုတ်ပေးလိုက်တော့ ညှော်ကြိုလေးကဖိတ်စာကိုကြည့်ကာ ...

"လူကြီးမင်း ရှေ့ကိုကြွပါ"

ဖိတ်စာကိုဖတ်ကြည့်လိုက်ကတည်းက စားပွဲနံပါတ်နှင့်ခုံနံပါတ်ပါဝင်တာကို သူသတိရလိုက်၏။ သူထိုင်ရမည့်နေရာက ဖြေဖျော်ရေးစင်တော်စင်နှင့်အနီးဆုံးနေရာ။ စင်ပေါ်တွင်အမျိုးသမီးငယ်တစ်ဦးက ခေတ်ပေါ်ကိုရီးယားသီချင်းတစ်ပုဒ်နှင့်ဖျော်ခံနေသည်။

ညှော်ခန်းမဆောင်တွင် စားပွဲဝိုင်းတော်တော်များများခင်းထားသလို ညှော်သည်တွေကလည်း ထိုင်ခုံစုံသလောက်ပင်။ ဒေါ်ချိုသက်ကိုယ်တိုင်က ကိုရီးယားဝတ်စုံကိုဝတ်ကာ ညှော်သည်တွေကိုလိုက်နှုတ်ဆက်နေတာတွေ့သည်။ ဝိတ်တာတွေအားလုံးကတော့ အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ထားသည်။ အစီအစဉ်ကြေညာသူက မြန်မာလိုတစ်လှည့် ကိုရီယားလိုတစ်လှည့်ဖြင့် ဖြေဖျော်ရေးအစီအစဉ်များကို ကြေညာနေသည်။

သီဆိုသူတွေက တစ်ယောက်ပြီးတစ်ယောက်။ အမျိုးသားတစ်လှည့် အမျိုးသမီးများတစ်လှည့်။ ခဏအကြာတွင် အထူးညှော်သည်ဟုယူဆရသော လူကြီးတစ်ဦးကို ဒေါ်ချိုသက်လေးလေးစားစား ခေါ်လာတာတွေ့သည်။

ခါးလေးကိုညွှတ်ကာညွှတ်ကာ။ ခေါင်းလေးကိုညိတ်ကာညိတ်ကာ။ အမှန်တွင် သူ့ဝိုင်းဆီသို့ခေါ်လာခြင်းဖြစ်သည်။ ဘေးကအခြွေအရံတွေက သုံးလေးယောက်။ သူ့ဝိုင်းတွင်နေရာထိုင်ခင်းပေးတော့ ဒေါ်ချိုသက်သူ့ကိုမြင်သွားသည်။ အမှတ်မထင်မျက်လုံးချင်းဆုံမိသွားတော့ ခေါင်းလေးကိုဆတ်ကာ နှစ်ယောက်စလုံး အရိပ်အသေပေးသလိုဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... အကြည့်တွေကတော့ စိမ်းလွန်းသည်ဟုထင်သည်။ ဖာတ်ညွှန်းဆရာတစ်ယောက်ပီပီ ပါးစပ်မှအပြုံးသည် အဓိကမဟုတ်။ မျက်လုံးများတွင်သာ အနုစ်ရှိုင်းဆုံးသော သင်္ကေတတစ်ခုဖြစ်ကြောင်း သူနားလည်ထားသည်မဟုတ်ပါလား။

ဒေါ်ချိုသက် ထိုအရေးကြီးပုဂ္ဂိုလ်နှင့် စကားတွေလှိုင်လှိုင် ပြောနေသည်။ မြန်မာလိုမဟုတ်၊ ကိုရီးယားလို၊ ဘယ်အချိန်ကတည်းက သည်လောက်ကျွမ်းကျွမ်းကျင်ကျင်ပြောနေတတ်သည်မသိ။ သူတို့ပြောတာတွေကို နေမင်းနားမလည်ပါ။ သည်လူကြီးနှင့်အဖော်တွေသည် ကိုရီးယားစစ်စစ်တွေဖြစ်ရမည်ဟု ရုပ်ရည်သွင်ပြင်ကိုကြည့်ရုံနှင့်ခန့်မှန်းနိုင်သည်။

အတန်ကြာတော့မှ ဒေါ်ချိုသက် တခြားဝိုင်းသို့ကူးသွားသည်။ သူတို့ပြောသွားသည့် စကားများထဲတွင် "ဂျွန်ကျိုဝမ်"ဆိုသောနာမည်ကို မကြာခဏထည့်သုံးသွားတာ ကြားလိုက်ရသည်။ ဂျွန်ကျိုဝမ်မှာ ဒေါ်ချိုသက်ကိုပင်ရည်ညွှန်းလေသလား။

စားပွဲရှေ့သို့ ဖျော်စပ်ပြီးသားယမကာတစ်ခွက်လာချသည်၊ သူပျင်းပျင်းရှိသည်နှင့် ခွက်ကိုမကာ တစ်ငုံမော့သောက်လိုက်၏။ အမြည်းကအားလူးကြော်နှင့်မြေပဲဆံလေးများ။ ဝိုင်းထဲတွင် သူကတစ်ယောက်ထဲသင်းကွဲငှက်လိုဖြစ်နေသည်။

သူကတော့ စင်ပေါ်မှ သီဆိုမှုကိုကြည့်ကာ တီးတိုးပြောလိုက်ကြ ပြီးလျှင် လက်ခုပ်အားပါးတရတီးလိုက်ကြနှင့် ဟုတ်နေသည်။ အဘိုးကြီးကလွဲလျှင် မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားလေးတစ်ယောက်တို့မှာ လူလတ်ပိုင်းအရွယ်တွေသာ။ သူတို့က ယမကာကို တို့ပင်မတို့။ သူကတော့ တစ်ငုံပြီးတစ်ငုံ။

ပွဲပေါင်းတော်တော်များများတက်ခဲ့သူမို့ အများတကာရှေ့တွင်ရှက်ခြင်း၊ ရွံ့တွန့်တွန့်ဖြစ်ခြင်းမျိုးတော့အလျှဉ်းမရှိ။





အတန်ကြာသောအခါ ...

"ကြွရောက်လာကြတဲ့ ရွှေပွဲလာပရိသတ်များရှင့် ယခုဆက်လက်ပြီးတင်ဆက်မည့်အစီအစဉ်မှာတော့ ကကြိုးကကွက် သွက်သွက်လက်လက်ခံစားရမယ့် ကိုရီးယားရိုးရာကြိုးကြာတောင်ပံခတ်သံအကပဲဖြစ်ပါတယ်၊ ကပြဖြေဖျော်မည့်သူနှင့် ဗုံခေါက်အနုပညာသည်တွေအားလုံးဟာ မြန်မာလူမျိုးစစ်စစ်တွေသာဖြစ်ပါတယ်၊ နှစ်နိုင်ငံယဉ်ကျေးမှုကိုဖလှယ်တဲ့အဓိပ္ပါယ်အနေနဲ့ ကိုရီးယားခရေစီမြန်မာတွေဟာ ကျွမ်းကျင်သူတွေနဲ့သင်ယူခဲ့ပြီး အခုဆိုရင်မြန်မာနိုင်ငံကိုလာရောက်လည်ပတ်ကြတဲ့ ကိုရီးယားစစ်စစ်တွေရှေ့မှာ အသုံးတော်ခံမှာဖြစ်ပါတယ် ...

အနုပညာရှင်တွေဟာ ကိုယ်ပိုင်မြန်မာနာမည်တွေရှိသလို သူတို့နှစ်သက်ရာ ကိုရီးယားနာမည်တွေကိုလည်း တမြတ်တနိုးပေးထားကြပါတယ်...

ကပြဖြေဖျော်မယ့်သူက မေသက်နိုင်ဖြစ်ပြီး ကိုရီးယားနာမည်က ကင်ယွန်ကျီဖြစ်ပြီး အဓိကဗုံခေါက်ပေးမယ့်သူကတော့ ယွန်းဖြစ်ပါတယ်၊ ကိုရီးယားနာမည်က လီမင်းချူးပါရှင်"

ယင်းနောက် ... ကိုရီးယားမင်းဆက်များအကြောင်း အကျယ်တဝင့်ရှင်းပြကာ အသုံးတော်ခံရသော ကချေသည်များအကြောင်းကိုလည်း စိတ်ဝင်စားဖွယ်ပြောသွားသည်။

မြန်မာလိုပြီးတော့ ကိုရီးယားလိုထပ်မံကြေညာပြန်သည်။

ထို့နောက် ... ခန်းမတစ်ခုလုံး အမှောင်ပါးပါးဖြစ်သွားကာ စတိတ်စင်လည်း အမှောင်အတိကျသွားသည်။

ဗုံခေါက်သူတွေက နေရာအဆင်သင့်ယူလိုက်သည်။ အားလုံးနှစ်ယောက်။ အမှောင်ထဲတွင် ရေးရေးလေးသာမြင်နေရ၏။

ကြေညာသူစကားများထဲမှ နာမည်နှစ်လုံးကိုတော့ သူအထူးစိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။ သူကြည့်ခဲ့ရသော ကိုရီးယားကားထဲမှ နာမည်တွေနှင့်တစ်ထပ်တည်း ပါလား။

ကင်ယွန်ဂျီ ...

လီမင်ချူး ...

ထိုနာမည်နှစ်လုံးက သူ့အားအလွန်တရာဆွဲဆောင်နေသည်မှာတော့ အမှန်ပင်။ ထိုနှစ်ဦးထဲတွင်မှ လီမင်းချူးဆိုသောနာမည်မှာ သူနှင့်အတူတလည် ရင်းနှီးသလိုလို သိကျွမ်းနေသလိုလို။

ဖုံခေါက်သံစတင်ပေါ်လာသည်။ စည်းချက်ညီညီ နရီကျကျ။ မရှေး မနှောင်းပင် ကချေသည်ထွက်လာသည်။ မရမ်းရောင် ပါးလွှာသော ကိုရီးယား ဝတ်စုံကိုဝတ်ထားသည်။ လက်ကလေးနှစ်ဖက်ကိုမြှောက်ကာမြှောက်ကာ ခြေ ထောက်လေးနှစ်ဖက်ကို ဝဲကာလွင့်ကာနှင့် ကြိုးကြာငှက်တစ်ကောင်၏ သဏ္ဌာန် အတိုင်းကပြ၏။

နေမင်းရုတ်တရက်အလန့်တကြားဖြစ်သွားသည်။ တခြားကြောင့်မဟုတ် ပါ။ သူမြင်နေရသည့်မေသက်ခိုင်မှာ သူကြည့်ခဲ့ရသည့်ရုပ်ရှင်ထဲမှ ကင်ယွန်ဂျီ နှင့်တစ်ထေရာတည်းတူနေသောကြောင့်ပင်။

"ငါ့အမြင်တွေလွဲနေတာများလား"

မလွဲပါ။ ကကွက်တွေ၊ ကဟန်တွေက တစ်ပုံစံတည်း။ စပေါ့လိုက်(ဖ်) တစ်ကွက်က ဖုံခေါက်သူလေးကိုထိုးပြသည်။

"အို ... သူမှသူအစစ်ပါပဲ"

လီမင်းချူးတဲ့၊ မြန်မာလိုကယွန်းဆိုပါလား။ ရုပ်ရှင်ထဲကကောင်မလေးမှ ကောင်မလေးအစစ်။ မျက်နှာတွင် မိတ်ကပ်မပါ။ ဝတ်ဆင်ထားသည်က ရိုးရိုး လေး။ ကရုဏာမျက်နှာပိုင်ရှင်ဟု ကင်ပွန်းတပ်ရမည်။ သူ မေသက်ခိုင်ကိုမကြည့် ဖြစ်တော့။ ယွန်းကိုသာ စူးစူးနစ်နစ်စိုက်ကြည့်နေမိတော့သည်။





ခုလိုအချိန်မှာ ဘာကြောင့်သူ့နှလုံးသွေးတွေ မြန်မြန်ဆန်ဆန်ဖိုးဆင်း နေရပါသလဲ။ ယွန်းမျက်နှာလေးကိုကြည့်ကာ ဘာကြောင့်များတစိမ့်စိမ့်ကြည်နူးမှု တွေဖြစ်နေရပါသလဲ။

ထိုအခိုက် _ သူ့ပတ်ဝန်းကျင်တွင် တစ်စုံတစ်ယောက်က သူ့အား ကြည့်နေသလိုထင်မိသောကြောင့် အသာပင်လှည့်ကြည့်လိုက်ရာ _

ဒေါ်ချိုသက် ... ။

သူ့အား ဒေါ်ဝင်းဝင်းတောက်နေသောမျက်လုံးများဖြင့် ကြည့်နေကြောင်း တွေ့ရလေ၏။ ထို့ကြောင့် သူချက်ချင်းမျက်နှာလွှဲလိုက်၏။ ပြီးတော့ သူ့အကြည့် ဒတွေက စင်ပေါ်ရောက်သွားပြန်သည်။

မေသက်ခိုင်ကလည်း ကိုယ်လေးကိုလှည့်ကာပတ်ကာ ယိမ်းကာနွဲ့ကာ က နေသည့်ကြားက သူ့ကိုတစ်ချက်တစ်ချက်လှမ်းကြည့်သည်။ သူ့ အကြည့်ဒတွေကလည်း ဒေါ်ချိုသက်လိုပင်ဖြစ်နေပါရောလား။ သူ ယွန်းကိုသာ စူးစိုက်ကြည့်နေမိ၍ ဝန်တိုစိတ်ဖြစ်နေတာလား။

တီးလုံးတွေသွက်လာသလို ကကြိုးတွေမြန်လာသည်။ ကြိုးကြာမလေး တစ်ကောင် ဟိုးဝေးဝေးသို့ထပြန်တော့မည့်အသွင်။

ယင်းနောက် ကပြခြင်းပြီးဆုံးသွားလေပြီ။ လက်ခုပ်သံတွေက မြိုင်မြိုင် ဆိုင်ဆိုင် ပရိသတ်အားပေးပုံက တစ်ခဲနက်။

ထပ်မံ၍ ကိုရီးယားသီချင်းများဖြေဖျော်တင်ဆက်နေခိုက် အစား အသောက်များဖြင့် တည်ခင်းညှော်ခံသည်။ နေမင်းတစ်ယောက် ထိုအစားအစာ များနှင့် ရင်းနှီးပြီးသားအပြင် ဟိုတယ်စာချက်ထားသဖြင့် အရသာရှိပါသည်။

စားသောက်ပြီးနောက် သူ့တွင်စကားပြောဖော်မရှိ၊ တစ်ယောက်တည်း ကြောင်စီစီကြီးဖြစ်နေသောကြောင့် ခန်းမအပြင်သို့ထွက်လာခဲ့သည်။

အပြင်ဘက်ရောက်တော့ အနည်းငယ်အိုက်စပ်စပ်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ကန်ရေပြင်ကိုဖြတ်လျှက် တိုက်ခတ်လာသောလေကြောင့် နေသာထိုင်သာတော့ရှိသည်။

"ပြန်ရင်ကောင်းမလား"

သူ့အတွေးပင်ဖြစ်၏။ ဟုတ်သည်လေ။ မပြန်လို့ရော ဘာလုပ်စရာကျန်သေးလို့လဲ။

မေသက်ခိုင်ကိုနှုတ်ဆက်ရန်မှာလည်း သူမတွင် နောက်ထပ်ဘာ အစီအစဉ်တွေရှိနေမှန်းမသိ။ ဖြေဖျော်ရေးအစီစဉ်တွေရှိချင်ရှိနေဦးမှာ။ ထို့ကြောင့် သူပြန်ရန်ဟန်ပြင်လိုက်သည်။

"ဟင်"

သူ့ရှေ့တည့်တည့်မှလျှောက်လာသည့် ကောင်မလေးတစ်ဦး။ အဝတ်အစားပြောင်းလဲသွားသော်လည်း ယွန်းမှယွန်းအစစ်။ သို့မဟုတ် လီမင်းချူး။ သူ့ရင်တွေ တဒိန်းဒိန်းခုန်သွား၏။

အပေါ်က အနက်ရောင် အဝတ်အစား၊ စကတ်လေးကပန်းနုရောင် နားကွင်းဝိုင်းကြီးက ထင်သာမြင်သာ။ သို့သော် သူမနှင့်လိုက်ဖက်ပါသည်။ ဒေါက်ဖိနပ်က အနက်ရောင်လေး။ လက်ထဲတွင်အနက်ရောင် အိတ်လှလှလေး တစ်လုံးကိုကိုင်ထားသည်။

သေချာပါသည်။

အဝတ်အစား အသွင်အပြင်များကိုဖယ်ထုတ်လိုက်လျှင် မျက်နှာလေးမှာ ရုပ်ရှင်ကားထဲမှ လီမင်းချူးမှ လီမင်းချူးအစစ်။ သူမက လှလှပပလေး လျှောက်လာရင်း လူရှင်းနေသောကြောင့် သူ့ကိုတစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုအကြည့် ...

ထိုအကြည့်ထဲတွင် သူမတစ်စုံတစ်ရာ ခံစားလိုက်ရကြောင်း သူမမျက်လုံးတွေက သက်သေခံနေပါသည်။





ပထမ အံ့ဩသွားသည့်မျက်လုံး ...

ဒုတိယ တစ်စုံတစ်ရာဖြစ်သွားသည့်မျက်လုံး ...

တတိယ မျက်လုံးချင်းဆုံလိုက်သောကြောင့် အနည်းငယ်ရှက်ရွံ့ရွံ့ဖြစ်သွားကာ လွှဲဖယ်လိုက်သောမျက်လုံး။

နှစ်ဦးစလုံးတွင် နားလည်မှုတစ်ခုခုရသွားကာ စိတ်ခံစားမှုတော့ ကိုယ်စီတွင်ရှိသွားကြသလို။ သူမ အနားရောက်လာသည့်အခါ ဘယ်လိုမှ ထင်မှတ်မထားသော အပြုအမူတစ်ခုကို သူလုပ်လိုက်မိသည်။ ကိုယ်လေးကိုခပ်ရှိုရှိုလေးကိုင်းကာ။

"အညာဇယော"

သူမကလည်း ခြေလေးအစုံရပ်တန့်သွားပြီး ...

"အညာဇယော"

"တေးဂီတကို ကျွမ်းကျွမ်းကျင်ကျင် တီးပြသွားတာ အလွန်နှစ်သက်ပါတယ်"

"အခုလို အားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်"

ကြည့်။ ကြားခဲ့ဘယ်သူမှမိတ်ဆက်ပေးတာမဟုတ်ဘဲ နှစ်ယောက်စလုံး စကားပြောဖြစ်ကြသည်။

"နာမည်က ယွန်းနော်"

"ဟုတ်ကဲ့ ... တစ်လုံးတည်းပါ"

"ကိုယ့်နာမည်က နေမင်း။ ဇာတ်ညွှန်းတွေရေးပါတယ်"

"အို — အဲဒီနာမည်ကိုကောင်းကောင်းသိတာပေါ့။ လူကိုသာမမြင်ဘူးတာ"

"ဖုန်းနံပါတ်လေးရှိရင် တဆိတ်လောက်ပြောပြပါလား"

"အယ် ... ခုမှတွေ့ဖူးတာကို"

www.burmeseclassic.com



"ဒါပေမယ့် ရှေးနှစ်ပေါင်းများစွာကတည်းက ရင်းနှီးခဲ့သလိုခံစားရပါတယ်"

"ခစ် ခစ် ... ခစ် ခစ်"

ကောင်မလေးက ဘာကိုသဘောကျသွားမှန်းမသိ။ တခစ်ခစ် ရယ်တော့ သူပင်ရောယောင်လိုက်ရယ်မိနေ၏။

"တိုက်ဆိုင်လိုက်တာ"

"ဘာကိုလဲ"

"ဟင့်အင်း ... ခုတော့ပြောလို့မဖြစ်သေးဘူး"

"အခုမဖြစ်သေးရင် နောက်တော့ပြောပြပေါ့"

ယွန်းလက်ဝါးလေးကို ပါးစပ်နားကပ်၍ ထပ်မံရယ်မောနေပြန်၏။ ထို့နောက် သူမကဖုန်းနံပါတ်ကိုရွတ်ပြသည်။ တစ်ကြိမ်ရွတ်ရုံနှင့်ခေါင်းထဲစွဲသွားပါသည်။

"ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

သူမက ကိုယ်လေးကိုညွတ်ကာ အရိုအသေပေးပြီး သူ့အပါးမှထွက်သွားပါသည်။ သူမသွားရာနောက်သို့လှမ်းကြည့်နေမိ၏။ ကိုယ်ပိုင်ကားလေးတစ်စီးအပေါ် တက်သွားတာတွေ့သည်။ ဒရိုင်ဘာက အသင့်စောင့်နေပုံရသည်။ ချက်ချင်းပင်မောင်းထွက်သွား၏။

သူ့မှာပျော်သလိုလို။ ကြည်နူးသလိုလို။

နောက် ရင်ခုန်သလိုလို။ တစ်ခုခုခံစားရသလိုလို။

ဆောင်းဘီအိတ်နှစ်ဖက်ထဲ လက်ကိုထည့်ကာ ကောင်းကင်ကြီး...ကိုမော့ကြည့်လိုက်သည်။ လွတ်လပ်စွာတည်ရှိနေကြသော ကြယ်လေးတွေ၊ အို သာယာလိုက်တာ။





သည်ညတော့ သူတော်တော်အိပ်ပျော်နိုင်တော့မည်မဟုတ်။ သူ Taxi ငှားရန် ခန်းမဆောင်ရှေ့သို့ထွက်လာခဲ့၏။

www.burmeseclassic.com

## ထူးဆန်းသောမိန်းမကြီး

မှတ်မှတ်ရရ ထိုနေ့က တစ်ခုသောညနေစောင်းတွင်ဖြစ်သည်။ နေမင်းတစ်ယောက် ပျင်းပျင်းရှိသည်နှင့်ဘယ်မှမထွက်ဖြစ်။ ပြီးခဲ့သည့်ညကတစ်ညလုံး "လှူဝင်စား" ဇာတ်နှင့်ပတ်သက်ပြီး ဇာတ်လမ်းဇာတ်ကွက်တချို့ကို စဉ်းစားကြည့်သေးသည်။ ခေါင်းတွေသာ ပူသထက်ပူလာ နောက်သထက်နောက်လာသည်။ စိတ်တိုင်းကျ ခေါင်းထဲမှထွက်မလာခဲ့။ ထို့ကြောင့် စာအုပ်တစ်အုပ်ကို ကောက်ဖတ်နေလိုက်သည်။ မိုးလင်းသည့်တိုင်အောင်ပင်။

မနက်ရောက်တော့ အောက်ထပ်ဆင်းကာ ထမင်းကြော်နှင့် လက်ဖက်ရည်ကျကျတစ်ခွက်သောက်ပြီး တစ်နေ့လုံးအိပ်နေလိုက်သည်။ အပူရှိန်ကြောင့် ကောင်းကောင်းတော့ အိပ်မပျော်။ မကြာမကြာလန့်လန့်နိုးသည်။

ညနေပိုင်းရောက်တော့ ရေမိုးချိုးကာ အပြင်ထွက်လိုစိတ်မရှိသောကြောင့် "BRAVE HEART" ဆိုသောကားကိုဖွင့်ကြည့်နေမိသည်။ မကြာမကြာကြည့်ခဲ့ဖူးသောကားတစ်ကား။ ကြည့်လိုက်တိုင်းလည်း ရိုးသွားသည်မရှိခဲ့ပါ။

ထိုစဉ်အခိုက် ...





လူခေါ်ခေါင်းလောင်းသံလေးမြည်လာသည်။

ဒါ မေသက်နိုင်ဖြစ်ရမည်ဟု အတပ်သိလိုက်[illegible]သည်။ အခုတလောယွန်းနှင့်ဆုံခဲ့ရသည့်နောက်ပိုင်း မေသက်နိုင်ကိုဆက်ဆံရသည်မှာ သိပ်အလေးအနက်မရှိချင်တော့။ မေသက်နိုင်အပေါ်ပေါ့ပေါ့လွယ်လွယ် ချစ်ခွင့်ပန်ခဲ့သည်ကိုပင် အကြီးအကျယ်မှားယွင်းသွားသလို ခံစားနေရသည်။ သို့သော်လည်း တစ်နေ့နေ့တွင်တော့ ထိုမသေချာသောကြိုးလေးတစ်ချောင်းမှာ သူ့အလိုလိုပြတ်တောက်သွားလိမ့်မည်ဟုလည်းထင်သည်။

သူတံခါးဆီသို့ထလာခဲ့သည်။

တံခါးကိုဖွင့်ပေးတော့ သူဘယ်လိုမှမျှော်လင့်မထားသောသူ ...

"ဟင် ... အန်တီ"

သူ့အခန်းလေး၏ လက်ဝဲဘက်အခန်းမှ အဒေါ်ကြီးတစ်ယောက်ဖြစ်နေခြင်းပင်။ တစ်ကြိမ်တစ်ခါမျှ စကားပြောဖူးခြင်းမရှိသော်လည်း မျက်မှန်းတန်းမိသူ တစ်ဦးဖြစ်သည်။

"အန်တီ အထဲခဏဝင်လို့ဖြစ်မလား"

"အာ ... ဝင်ပါခင်ဗျာ၊ ထိုင်ပါ ထိုင်ပါ"

သူက ရှေ့မှဦးဆောင်ခေါ်လာခဲ့သည်။

"ယောက်ျားလေးတစ်ယောက်ထဲနေရတယ်ဆိုတော့ ဖြစ်သလိုပဲ အန်တီ၊ အားနာစရာပဲ"

သူက စားပွဲပေါ်တွင်ရှုပ်ပွနေသောစာအုပ်များ၊ ဆေးလိပ်ခွက်တို့ကိုလျင်လျင်မြန်မြန်ဖယ်ရှားရင်း တောင်းပန်စကားဆို၏။ သူမက ဘာမျှမပြော။ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဟိုဟိုသည်သည်ကြည့်သည်။ စာရေးစားပွဲပေါ်တွင် အငြိမ့်သားအိပ်ပျော်နေသော ကြောင်တစ်ကောင်ကိုတွေ့တော့ နှုတ်ခမ်းလေးမဆိုသလောက်မဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်း သည်မိန်းမကြီးကိုစိတ်ဝင်စားနေခဲ့သည်မှာကြာပြီ။ သူ့တိုက်ခန်းနှင့်ယှဉ်သောအခန်းတွင် ဘယ်အချိန်ဘယ်ကာလကတည်းက နေခဲ့သည်မသိသော်လည်း ဘယ်သူ့ကိုမှစကားဟဟမပြောတာ သတိထားမိသည်။

အခန်းထဲတွင် တစ်ယောက်ထဲနေသည်။

အသက်(၆၀)ကျော်နီးပါးရှိသည့် မိန်းမကြီးတစ်ယောက်အတွက် အနည်းဆုံးဆွေမျိုးသားချင်းတော့ရှိရမည်။ မိတ်ဆွေသင်္ဂဟတော့ရှိရမည်။ သို့သော် သူ့ထံ ဘယ်သူမှလာရောက်လည်ပတ်တာမတွေ့။ အောက်ထပ်ရှိ ကုန်စုံဆိုင်က ကောင်မလေးဆိုလျှင် ...

"သူလိုတဲ့ပစ္စည်းလေးရှိရင်ကျွန်မတို့ဆိုင်လာဝယ်ပါတယ်၊ ဘယ်တော့မှအပိုစကားမပြောဘူး၊ မျက်နှာတင်းတင်းနဲ့ကျသလောက်ရှင်းပြီး ထွက်သွားတော့တာပဲ၊ တော်တော်လူမှုဆက်ဆံရေးနည်းတဲ့အန်တီကြီး"

"အဖော်လည်းမရှိဘူးနော်"

"ဟင့်အင်း ... မရှိဘူး၊ သူတစ်ယောက်တည်းနေတာ အပြင်ကိုလည်း ထွက်ခဲတယ်၊ စားသောက်စရာဆိုလည်း တစ်ပတ်စာလောက် အပြီးဝယ်ထားတာ၊ အဲ ... ဘဏ်ကိုတော့တစ်လတစ်ခါသွားတယ်၊ ငွေသွားထုတ်တာထင်ပါရဲ့"

တစ်ခါတစ်ရံ သူနှင့်လှေကားအတက်အဆင်းတွင်ဆုံသည်။ သူ့ကိုတစ်စက်လေးမှစွေစောင်းမကြည့်။ သူလမ်းသူသွားသည်။ သည်လိုမိန်းမကြီးတစ်ယောက်က သူ့အခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့ အံ့သြစရာမကောင်းပေဘူးလား"

"ဘာကိစ္စရှိလို့ပါလဲ အန်တီ"

သူမက သူမေးသောစကားကိုကြားပုံမရ။ အိပ်ပျော်နေသောကြောင်ကိုသာ စူးစိုက်ကြည့်နေသည်။





"မင်းက ကြောင်မွေးတာဝါသနာပါလို့လား"

"ပါတယ်ရယ်လို့တော့မဟုတ်ပါဘူး၊ ခုလည်း ဘယ်အခန်းကကြောင်မှန်းမသိဘူး အခန်းထဲရောက်လာတာနဲ့ ကျွေးမွေးရင်းဒီအခန်းမှာအနေများနေတာ"

"ကြောင်ဆိုတဲ့ သတ္တဝါဟာတော်တော်ဆိုးပါတယ်၊ နည်းနည်းလေး အခွင့်အရေးမပေးလိုက်နဲ့ အဲဒီရလာတဲ့အခွင့်အရေးကို အဆုံးစွန်ထိယူတော့တာပဲ"

သူမ ပြောစကားကိုသူနားမရှင်းလိုက်။

"ဘယ်လို ... အန်တီ"

"ဒီလိုကွဲ့ ... ထမင်းအဖြူထည်ကြီးကျွေးနေလို့ အဆင်ပြေနေတဲ့ကြောင်တစ်ကောင်ကို တစ်နပ်လောက်ငါးရိုးအကြွင်းအကျန်လေးနဲ့ ကျွေးကြည့်ပါလား၊ ဒီကောင်က အဲဒီအခွင့်အရေးကို သူ့ရဲ့ရပိုင်ခွင့်လို့ခေါင်းထဲထည့်လိုက်ပြီး အတည်ပြုလိုက်တော့တာ၊ နောက်နေ့ ထမင်းအဖြူထည်ကြီးကျွေးကြည့်ပါလား နမ်းရှုံ့နမ်းကြည့်ပြီး လှည့်ထွက်သွားပြီသာမှတ်၊ မစားတော့ဘူး၊ နောက် အမြဲတမ်းကြမ်းပြင်ပေါ်မှာ အိပ်နေတဲ့ကြောင်ကို စောင်အစုတ်လေးခင်းပြီး နွေးနွေးထွေးထွေးသိပ်ကြည့်၊ နောက်ရက် အဲဒီကြောင်အခင်းမပါဘဲ မအိပ်တော့ဘူး၊ ကိုယ့်ခုတင်ပေါ်မွေ့ရာပေါ်သိပ်လို့ကတော့ ဒီကောင်တွေက သူ့ပိုင်မှာန်လို့ထင်တော့တာ၊ ရလာတဲ့အခွင့်အရေးကို လက်တစ်ဆုံးနှိုက်တဲ့နေရာမှာ လူတွေနဲ့တစ်တန်းစားထဲပဲ"

သူမစကားကြောင့် သူခပ်ယဲ့ယဲ့လေးပြုံးရသေး၏။

"နောက်တစ်ချက် ... သတ္တဝါတွေရဲ့မစင်တိုင်းဟာ အနံ့အသက်ဆိုးတာပါပဲ၊ အဲဒီထဲကမှ ကြောင်ရဲ့မစင်ဟာအနံ့ပိုစွဲတာ သတိထားမိတယ် မဟုတ်လား။ စကားထဲတောင်တခုပ်တရထည့်ပြောတာကြည့်လေ "ပျော့ပျော့လေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နံတဲ့ကြောင်ချေး"တဲ့၊ တခြားဘယ်သတ္တဝါတွေကို ဘယ့်လိုထည့်ပြောဖူးလို့လဲ"

သည့်တစ်ကြိမ်တော့ သူ့အသံလေးထွက်သည်အထိရယ်မောမိသည်။ ကပ်ကပ်သပ်သပ်ပြောတတ်သည့် အန်တီကြီး။

"အန်တီက ကြောင်တွေအပေါ်အဆိုးမြင်နေတာလား"

"မငြင်းပါဘူး၊ သူတို့ရဲ့စရိုက်သဘာဝကိုက အန်တို့အမြင်တွေကိုအဆိုးဘက်ကြီးကပ်ပေးလိုက်သလိုပဲ၊ မင်းစဉ်းစားကြည့် သံခွပ်ပင်က မီးတကျိုကျိုဆိုတဲ့ စကားအတိုင်းပဲ အင်မတန် နားပူနားဆာတိုက်တဲ့ခလေ့ကို မွေးပိုင်ကန်ထရိုက်ဆွဲထားတဲ့ သတ္တဝါတွေထဲမှာ ကြောင်တွေပါတယ်"

အချိန်ကျလာလို့ မကျွေးမိရင် တညှောင်ညှောင်နဲ့အကြီးအကျယ် နားပူနားဆာတိုက်တော့တာပဲ၊ သခင့်မှာရှိမရှိ ၊ ထမင်းချက်ရ မချက်ရဘာမှမသိဘူး၊ ခွေးတွေဆိုကျွေးမှစားလိုက်တာ၊ ဆာလို့ဆိုပြီးဟောင်နေတာမျိုးတွေ့ဖူးလို့လား၊ ဒါကြောင့် ကြောင်လို့ဖွတ်မပူစမ်းပါနဲ့ဆိုကြတာလေ၊ ကဲပါ ဒါတွေထားလိုက်ပါတော့ အန်တီလာရတဲ့အကြောင်းပဲပြောမယ်"

"ဟုတ်ကဲ့ ပြောပါ"

"မင်းက ဓာတ်ညွှန်းရေးဆရာနေမင်းနော်"

"ဟုတ်ကဲ့"

"ကိုယ်ပိုင်ဓာတ်လမ်းတွေလည်း ဖန်တီးမှာပေါ့"

သူမ ခေတ္တခဏငြိမ်သက်သွားသည်။ တစ်စုံတစ်ရာကို အလေးအနက်တွေးနေဟန်လည်းရှိသည်။

"အခု အန်တီမင်းကိုညစာကျွေးချင်လို့လာဖိတ်တာ"

"ခင်ဗျာ"

ထိုစကားမှာ တော်တော်ထူးဆန်းနေပါသည်။ ဘယ်လိုအမိပ္ပါယ်လည်း ဟူ၍လည်းစဉ်းစားမရ။





"အန်တီက တမင်းသဒ္ဒါပေါက်လို့ကျွေးချင်တယ်လို့ပြောချင်တာပါ၊ ပြီးတော့ အန်တို့အကြောင်းလေးတွေလည်းရင်ဖွင့်ချင်လို့"

"ထမင်းကျွေးမှမဟုတ်ပါဘူး အန်တီရယ် — ဒီအတိုင်းလည်းပြောလို့ရပါတယ်"

"အန်တို့တောင်းဆိုချက်ကို မင်းလက်ခံပါ၊ မနက်ကတည်းက မင်းကိုကျွေးမယ်လို့ရည်စူးပြီး ချက်ပြုတ်ထားတာ၊ ညနေတိုင်းမင်းအပြင်ထွက်စားနေတာ အန်တီသတိထားမိတယ်၊ အန်တီထမင်းပွဲသွားပြင်လိုက်ဦးမယ်၊ နောက်ထပ်နာရီဝက်ကြာရင် လာခေါ်မယ်"

အန်တို့စကားများတွင် အမိန့်ပေးသံနည်းနည်းလေးလွှမ်းနေသည်။ သိသိသာသာတော့မဟုတ်။ ဆုံးဖြတ်ချက်တစ်ခုချပြီးလျှင် မဖြစ်ဖြစ်အောင်လုပ်တတ်သည့် လူစားမျိုး၏ အမူအကျင့်များအတိုင်းသာ။

သူမ အခန်းထဲမှထွက်သွားပါသည်။

သူ့ဆန္ဒကို တစ်ခွန်းတလေမှစောင့်ဆိုင်းနားမထောင်သွား။

တကယ်တမ်းပြောရလျှင် ထိုသို့သောလူထူးလူဆန်းတွေကို သူစိတ်ဝင်စားပါသည်။

ဘယ်သူ့ကိုမှစကားဟဟမပြော။

တစ်ချိန်လုံးအခန်းအောင်းကာ အထီးကျန်ဆန်နေတတ်သော စကားပြောမည့်ပြောသော်လည်း ကြောင်ဆိုသောသတ္တဝါတစ်ကောင် အပေါ်ပင် အချက်ကျကျပြောတတ်သော ... အန်တီကြီး၏ နှုတ်ထွက်စကား ကို သူကြားချင်နေပါသေး၏။

အန်တီကြီးဘယ်လိုစကားတွေပြောမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

## အဆုံးသတ်ကိုရှာမမွေသွားသူ

ညကအန်တီကြီးတိုက်သော ဆိုဂျူးကြောင့် သူစာပင်မရေးနိုင်တော့ဘဲ စောစောစီးစီးအိပ်ပျော်သွားခဲ့သည်။ အန်တီကြီးက သူ့အကြိုက်ကိုဘယ်လိုသိနေသည်မသိ။ ကိုရီးယားအစားအစာမျိုးစုံနှင့် ဆိုဂျူးကိုတည်ခင်းဧည့်ခံခဲ့သည်။ ပြီးတော့ စကားတွေဖောင်ဖွဲ့အောင်ပြောခဲ့သည်။ သူ့မဖာတ်လမ်းက အထူးအဆန်းကြီးမဟုတ်သော်လည်း သူ့မတွင် စိတ်ကျရောဂါ အကြီးအကျယ်ဝင်နေတာတော့အတပ်သိလိုက်၏။

အရှိန်ရလာသောအခါ သူ့မမှာမျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာသည်။ အပြင်ပန်းအနေနှင့် စိတ်ဓာတ်မာကြောလိမ့်မည်ဟု ထင်စရာရှိသော်လည်း အတွင်းပိုင်းတွင် မိန်းမသားပီပီ အားနည်းချက်တော့ရှိနေပါ၏။

သူ အိပ်ရာဆတ်ခနဲနိုးလိုလာသည်။ နိုးလာရခြင်းမှာလည်း ဆူညံသံတွေကြောင့်ဖြစ်သည်။ စကားပြောသံဆိုသံတွေက ဟိုတစ်ခွန်းသည်တစ်ခွန်း။ အရင်က သည်လိုတစ်ခါမှမကြုံဘူးခဲ့။

နာရီကိုလှမ်းကြည့်တော့ ၉ နာရီ ၄၈ မိနစ်ကိုညွှန်ပြနေသည်။ ပြတင်းပေါက်မှနေရောင်ခြည်က စူးစူးရဲရဲတိုက်ခန်းအတွင်းသို့ထိုးကျနေ၏။





"ဘာဖြစ်လို့ပါလိမ့်"

သူ့အိပ်ရာမှလူးလဲထလိုက်သည်။ မျက်နှာပင်မသစ်အား။ တံခါးပေါက်ဆီသို့လျှောက်လာခဲ့၏။ အသံတွေက အန်တီကြီးအခန်းဆီမှဖြစ်သည်။ ပြီးတော့ တိုက်အောက်သို့ဆင်းသံ တိုက်ပေါ်သို့ပြန်တက်လာသည့်အသံတွေ ကြားနေရ၏။

"ဘာဖြစ်တာပါလိမ့်"

သူမျက်မှောင်ကျုံ့လိုက်သည်။ တစ်စုံတစ်ရာအရေးအခင်းတော့ဖြစ်နေပြီဆိုတာ သူချက်ချင်းရိပ်စားလိုက်မိ၏။ ဘာရယ်လို့သာ အတိအကျမပြောတတ်၊ သူ ချက်ချင်းတံခါးဖွင့်မကြည့်သေး တိုက်ရှေ့ဝရန်တာဆီသို့သွားကာ တိုက်အောက်သို့ငုံ့ကြည့်တော့ အခန်းဆီသို့မော့ကြည့်နေသည့် လူတချို့ကိုတွေ့ရသည်။ လူနာတင်ယာဉ်တစ်စီးကိုတွေ့ရသည်။

ထို့ကြောင့် သူ့အလွန်အမင်းစိုးရိမ်သွားသည်။

သိပ်မကြာ။

သံဘန်းပေါ်တွင်အလောင်းတစ်လောင်းကို တင်လျက်တိုက်အောက်သို့ သယ်လာကာ လူနာယာဉ်ပေါ်တင်တာ တွေ့လိုက်ရ၏။ တစ်ကိုယ်လုံးကိုပိတ်ဖြူဖြင့်ဖုံးအုပ်ထားသည်။

"ဟာ"

ဒါ အန်တီကြီးအလောင်းဆိုသည်မှာ ယုံမှားသံသယဖြစ်စရာမလိုတော့ပါ။ အန်တီကြီးဘယ်လိုဖြစ်ရတာပါလိမ့်။

သူ့အသားတွေတဆတ်ဆတ်တုန်လာသည်။ ညကပင် သူနှင့်ညစာအတူစားနေခဲ့ကြသေးသည်မဟုတ်ပါလား။ ထိုစဉ်က အကောင်းကြီး။ တကယ့်ကို အကောင်းကြီး။ ကျန်းကျန်းမာမာကြီး။ သန်သန်စွမ်းစွမ်းကြီး။ ခုမှဘယ်လိုဖြစ်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူသိလိုဇောကြောင့် တံခါးကိုဖွင့်လိုက်သည်။ တစ်ဘက်အခန်းတွင် ရဲတချို့အလုပ်ရှုပ်နေတာတွေ့ရသည်။ ထို့နောက်မျက်နှာသစ်ကာ တိုက်အောက်သို့ဆင်းလာခဲ့သည်။

တိုက်အောက်ရှိ စတိုးဆိုင်ကောင်မလေးကိုတွေ့တော့ ...

"ဘာဖြစ်တာလဲ"

"တိုက်ခန်းချင်းကပ်နေတာတောင် မသိဘူးလား"

"ဟင့်အင်း"

"အန်တီကြီးဆုံးပြီ"

"ဘာကြောင့်လဲ"

"စူဆိုက်"

သူရင်ထဲတွင်နင့်ခနဲဖြစ်သွားသည်။ သူအောက်ထပ်သို့ရောက်ချိန်တွင် လူနာတင်ယာဉ်ကားမရှိတော့ပါ။ သူဘာမှဆက်မေးမနေတော့ဘဲ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်လေးသို့ ထွက်လာခဲ့သည်။

သူအသိစိတ်ကင်းမဲ့သလိုဖြစ်လျှက် စားပွဲဝိုင်းသို့ဝင်ထိုင်လိုက်၏။ သူသောက်တတ်တာကိုသိနေသော စားပွဲထိုးလေးက မကြာမီပင်လက်ဖက်ရည်တစ်ခွက်လာချသည်။

ဆိုင်တွင်းရှိလူတချို့ကတော့ သေဆုံးသွားသောအန်တီကြီးအကြောင်းကို ထင်မြင်ချက်အမျိုးမျိုးပေးနေကြသည်။ ထိုသူတွေ၏စကားကိုစိတ်မဝင်စားနိုင်။ ထင်မြင်ချက်သည် ထင်မြင်ချက်သာဖြစ်၍ အမှန်တရားဖြစ်မလာနိုင်။

အမှန်တရားကို သူတစ်ယောက်တည်းသာ အသိဆုံး။ သူစိတ်တွေက မနေ့ညကအကြောင်းအရာတွေဆီရောက်သွားပြန်သည်။

"အန်တီ့နာမည်က ဒေါ်ထားထားလို့ခေါ်တယ်"

ရေမိုးချိုးကာအနည်းငယ်ပြင်ဆင်ထားသောကြောင့် ကြွေရရနှင့်





ခန့်နေသည်ဟု ဆိုချင်ပါသည်။ အခန်းမီးမှိန်မှိန်တွင် စားပွဲပေါ်မှဖယောင်းတိုင်ကြီးကြီးများထွန်းထားသောကြောင့် ပို၍ပင်ကဗျာဆန်နေပါသေးသည်။

သူမက ဆိုဂျူးပုလင်းကိုယူကာ သူ့ရှေ့ခွက်ထဲသို့ငှဲ့ထည့်ပေးရင်း –

"အဖေကတရုတ်၊ အမေကပအိုဝ်းသွေးနည်းနည်းရောတယ်၊ အန်တီ့ကိုမွေးတာ ရှမ်းပြည်နယ် ပင်လောင်းအရှေ့က နမ်းထားဆိုတဲ့ရွာလေးမှာ၊ မွေးချင်းက ညီအစ်မနှစ်ယောက်ထဲ၊ ညီအစ်မနှစ်ယောက်စလုံး ရန်ကုန်ကို (၁၃)နှစ်သမီးလောက်ကတည်းကရောက်တာ၊ ရန်ကုန်မှာအဒေါ်တွေရှိတယ်၊ အဖေက သမီးနှစ်ယောက်စလုံးကို လက်ဖက်မခူးစေချင်ဘူး၊ ပညာပဲတတ်စေချင်တာ ဒါကြောင့်ရန်ကုန်ရောက်တော့ ကျောင်းဆက်တက်ရတယ်"

သူမကရှေ့ရှိခွက်ကလေးအတွင်းမှ အရည်ကိုမော့သောက်လိုက်၏။

စရိုက်ချင်းကတော့မတူပါဘူး၊ သူကအတ္တသိပ်ကြီးတာ၊ ဘယ်အရာမဆိုအနိုင်ယူချင်တယ်၊ ညီမတစ်ယောက်အပေါ်ဘယ်တော့မှမညှာဘူး၊ ကျောင်းသာဆက်တက်ရတာပါ နှစ်ယောက်စလုံးပညာရေးမထူးချွန်ခဲ့ပါဘူး။ (၁၀)တန်းမအောင်တော့ထွက်လိုက်ရတယ်"

သူမတို့အပျိုအရွယ်ရောက်လာသောအခါ အစ်မကအသက်ကြီးကြီးသူဌေးတစ်ယောက်နှင့်ရခဲ့ကြောင်း၊ မုဆိုးဖိုတစ်ဦးဖြစ်ကြောင်း ကံမကောင်းအကြောင်းမလှစွာ သားသမီးမရခဲ့ကြောင်း ...

အဲဒီအချိန်မှာ ထပ်ပြီးကံမကောင်းတာက အစ်မမှာလည်းသားသမီးမရနိုင်တဲ့အကြောင်း စစ်ဆေးတွေ့ရှိခဲ့ရတာပဲ ဒီတော့ သူတော်တော်လန့်သွားတာပေါ့၊ သားသမီးမရနိုင်ရင် သူဌေးက သူ့ကိုကန်ထုတ်တော့မှာလေ၊ အစ်မရဲ့ပင်ကိုယ်အစီအစဉ်က သူဌေးကြီးရဲ့ဥစ္စာဓနကိုအပိုင်သိမ်းချင်တာ"

"ချစ်ခြင်းမေတ္တာမပါတဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့"

"ချစ်ခြင်းမေတ္တာမပါတဲ့ နောက်ဆက်တွဲဇာတ်လမ်းတစ်ပုဒ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်ကွဲ့ နားထောင်၊ သည့်တော့ အစ်မကအကြံထုတ်တော့တာပဲ''

''ဘယ်လိုမျိုးလဲ''

''အစ်မက အန်တီ့ကိုအဖော်အလျော်ရအောင် သူ့အိမ်ခေါ်တော့တာပဲ၊ အစကတည်းက သိပ်တည့်တာမဟုတ်တော့ အန်တီက ႔နေချင်ဘူး၊ ဒါပေမယ့်သူကအချိုသပ်ပြီးတော့ကို အမျိုးမျိုးလှည့်ပတ်ခေါ်တော့တာ၊ နောက်ဆုံးတော့ သူ့အိမ်ရောက်သွားတယ်ဆိုပါတော့''

အန်တီကနောက်တစ်ခွက်မော့ကာ တူကလေးဖြင့် ပန်းကန်ထဲမှ ပင်လယ်ငါးအပိုင်းအစလေးများကို ညှပ်ယူစားနေသည်။

''မင်းလည်းသောက်လေကွာ''

''ဟုတ်ကဲ့ အန်တီ''

''သူ့အိမ်ရောက်တော့ အစ်မဟာသူ့ယောက်ျားသူဌေးကြီးနဲ့အနေနီးအောင်အမျိုးမျိုးဖန်တီးတော့တာပဲ၊ အန်တီကသဘောရိုးဆိုတော့ ဘယ်သိမလဲ၊ အန်တီကတော့ အစ်မဒီလောက်တောင်သဘောတွေကောင်းလှပါလားလို့ အံ့သြနေရတာ၊ နောက်တော့ သူ့ယောက်ျားနဲ့အစ်မကို တိတ်တိတ်လေးပေးစားလိုက်တော့တာပဲ အန်တီအငိုက်မိခံရတာပြောပါတယ် ...

နောက်တော့ အန်တီ့မှာကိုယ်ဝန်ရှိလာခဲ့တယ်၊ တခြားတစ်နေရာမှာသွားပြီးမွေးတာပဲ၊ အစ်မကတော့ ဒီမှာလူမြင်ကောင်းအောင်ဗိုက်ဖုံးအင်္ကျီတွေဘာတွေဝတ်ပြလို့ သူ့မှာကိုယ်ဝန်ရှိနေသလိုလို''

သည့်နေရာရောက်တော့ အန်တီအဖြစ်ကနည်းနည်းဆန်းလာပြီး သမာရိုးကျတွေထဲက နည်းနည်းကွာလာပြီ၊ ဆက်ပြောတာက ...

''ယောက်ျားလေးမွေးပါတယ်၊ အဲဒီအချိန်တော့မှ အစ်မက သဘာဝတိုပြလာတော့တာပဲ၊ ကလေးကို သူကယူ အန်တီ့ကိုငွေပုံပေးပြီး မောင်းထုတ်တော့တာပေါ့''





''သူဌေးကြီးက ဘာမှဝင်မပြောဘူးလား''

''သူက မိန်းမလိုချင်တာမဟုတ်ဘူး၊ ကလေးလိုချင်တာ သူ့သွေးပါတဲ့ကလေးကိုလိုချင်တာ သူ့အတွက်ကလေးရရင်ပြီးပြီလေ''

''ဟာ ... သည်လိုလူစားမျိုးလည်းရှိပါသေးလား''

''တကယ့်ကိုအတ္တကြီးတဲ့လူတွေပါကွယ်''

''အန်တီ့ဘက်က တရားစွဲလို့ရရဲ့သားနဲ့''

''အစ်မက အမျိုးမျိုးခြိမ်းခြောက်တဲ့အပြင် စာချုပ်စာတမ်းမရှိ၊ အန်တီကလည်း ဘာမှမလုပ်တတ်မကိုင်တတ်ဆိုတော့ အဲဒီအတိုင်းလေးပဲလက်ပိုက်ကြည့်ခဲ့ရတာ''

''ဟူး''

သူ သက်ပြင်းကိုလေးလေးတွဲတွဲချလိုက်သည်။ လူ့လောကတွင် အန်တီ့လိုမတရား ဖိနှိပ်ခံခဲ့ရသည့် ဘဝတွေဘယ်လောက်များရှိနေမလဲ။

''နောက်တော့''

''ကလေးအရွယ်ရောက်လာခဲ့တယ်၊ ဆက်ဆံရေးကတော့ သူဌေးကြီးရှေ့တင်တစ်မျိုး၊ နောက်ကွယ်မှာတစ်မျိုး အမေရင်းမဟုတ်တော့လေ''

''အန်တီနဲ့ကလေးကိုရော တွေ့ခွင့်မပေးဘူးလား''

''ကိုယ့်ရင်သွေးပဲ အန်တီ့ဘက်ကတော့တွေ့ချင်တာပေါ့၊ ဒါပေမယ့်မရခဲ့ပါဘူး၊ အန်တီကသာနီးနီးပြီးကြည့်နေရတာ၊ နောက်ပိုင်းသူဌေးကြီးလေဖြတ်တော့တာပဲ၊ လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတဲ့စကားလိုပဲ အဘိုးကြီးဘာမှမလုပ်နိုင် မကိုင်နိုင်ဖြစ်တော့ အားလုံး သူ့လက်သူ့ခြေဖြစ်တော့တာပေါ့''

''ကောင်လေးရော''

''ကောင်လေးလား၊ အဲဒီအချိန်မှာ လောင်းကစားသမား၊ မူးယစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



သမားဖြစ်နေပြီ''

''အင်း အဖြစ်တွေကဆိုးလိုက်တာ''

''အဲထက်ဆိုးတာက သားလေးဟာ ငယ်ငယ်ရွယ်ရွယ်မှာတင် မူးယစ်ဆေးထိုးရင်း ရှော့ခ်ဖြစ်ပြီးဆုံးသွားရှာတယ်''

''ခင်ဗျာ''

''နောက် အဘိုးကြီးဆုံးတယ်၊ အဲဒီမှာတင်အစ်မက ပစ္စည်းတွေအများကြီးရလိုက်ပြီး အောက်ခြေလွတ်တော့တာပဲ၊ နောက်တော့ ဦးနှောက်ခပ်ကြောင်ကြောင်ဖြစ်ပြီး စိတ်ရောဂါကုဆေးရုံရောက်တယ်၊ နောက်ဆုံး ဆုံးတယ်လို့ သတင်းကြားရတာပါပဲ''

''ဘာကြောင့်လဲ''

''မသိဘူး၊ သိလည်းမသိချင်ဘူး သားလေးမရှိတော့တဲ့နောက်ပိုင်း သူတို့အကြောင်းကို တစ်စက်လေးမှမသိချင်တော့တာ''

ထို့နောက် သူမ လူတွေအပေါ်အယုံအကြည်မရှိတော့ကြောင်း ဆက်ဆံရန်လည်းစိတ်မဝင်စားတော့ကြောင်း၊ သည်လိုနှင့်အထီးကျန်လာကြောင်း၊ နောက်မပျော်တော့ကြောင်း လောကကြီးကိုငြီးငွေ့လာကြောင်း စသဖြင့် စိတ်လိုလက်ရကိုပြောနေပါသေး၏။

သည်လိုအနေအထားလောက်နှင့်တော့ အနိတ်ကြီးဘဝတစ်ခုလုံး မဆုံးဖြတ်သွားသင့်ဟု သူထင်သည်။ သူ့ရင်တွင် ဘာတွေအခက်ခဲရှိနေသေးလို့လဲ၊ ဘာတွေမပြေလည်တာတွေရှိသေးလို့လဲ၊ သူမသိနိုင်သည့် အကြောင်းတရားတွေက ဘာလဲ။

အနည်းဆုံးတော့ အနိတ်ကြီးတရားဘာဝနာဘက်သို့ကူးပြောင်းလိုက်လျှင် ယခုကဲ့သို့ဖြစ်လာနိုင်စရာအကြောင်းမရှိ။ ခုတော့ ...

သူမ ဆက်မစဉ်းစားချင်တော့ပါ။





နေ့လယ်ပိုင်းလောက်တွင် ရဲဝန်ထမ်းတွေက အိမ်နီးချင်းတွေကို လိုက်လံစစ်ဆေးသည်။ သူ့ကိုလည်းစစ်သည်။ မသေခင်တွင် အနိတ်အမာ ရေးထားခဲ့သော စာတစ်စောင်ကြောင့် ပတ်ဝန်းကျင်ကို သံသယဖြစ်စရာအကြောင်းမရှိပါ။

ထိုနေ့တစ်နေ့လုံး သူစိတ်တွေလေးလံနောက်ကျိနေပါသည်။ သွေးအေးခဲ့သောအနိတ်ကြီး။ ပြတ်သားခဲ့သော အနိတ်ကြီး။ အဖန်ငါးရာ ငါးကမ္ဘာကိုမကြောက်ခဲ့သော အနိတ်ကြီး။

နောင်ဘဝတွင် အနိတ်ကြီးဘယ်ကိုသွားပါမည်လဲ။

မည်သူမျှအတတ်မသိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

## လှေကားသရဲ

ထိုနေ့ညနေခင်းပိုင်းကတည်းက မေသက်နိုင်အားနေခဲ့သည်။ ရှားရှားပါးပါးအားလပ်ရက်တစ်ရက်ပင်။ ထို့ကြောင့် နေမင်းနှင့်ညစာအတူစားရန် တိုက်ခန်းအောက်ရှိဖုန်းဆိုင်သို့ဆက်ကြည့်သည်။ တစ်ကြိမ်လည်းပြန်မရောက်သေး။

နှစ်ကြိမ်လည်းပြန်မရောက်သေး။

သုံးကြိမ်ဆက်တော့ အားနာစရာဖြစ်ကုန်ပြီ။

သို့သော် ကိစ္စမရှိ။ သူမတွင်အခန်းပိုသော့တစ်ချောင်းရှိသည်။ ဖုန်းဆက်နေမည့်အတူတူ အခန်းမှပင်ထိုင်စောင့်တာ ပို၍သေချာသည်ဟုတွေးလျှက် လှလှပပလေးဖြီးလိမ်းပြင်ဆင်ကာ Taxi ငှားလျက် နေမင်းနေထိုင်ရာတိုက်ခန်းအိမ်ရာသို့လာခဲ့သည်။

အတော်လေးတော့မှောင်နေပေပြီ။

"ဟွန်း ... ဘယ်ကိုသဝေထိုးနေလဲမသိဘူး၊ ပြန်လာမှသိမယ်"

သူမ တိုးတိုးဖွဖွရေရွတ်ရင်း လှေကားခြေရင်းသို့ ရောက်လာခဲ့၏။ လှေကားထစ်တွေကို တစ်ထစ်ချင်းတစ်ထစ်ချင်းတက်လာခဲ့၏။ တိတ်ဆိတ်နေ





သောကြောင့် သူမဒေါက်မြင့်ဖိနပ်မှခွာသံကို အတိုင်းသားကြားနေရ၏။

"ဒေါက် ... ဒေါက် ... ဒေါက်"

လှေကားလမ်းတစ်လျှောက် ထွန်းထားသောမီးလုံးတွေက ဝါကျင်ကျင်နှင့်မှုန်တိမှုန်ဝါးနေပါသည်။

ထောင့်ချိုးတစ်ခုကိုကွေ့ကာ ဆက်တက်လာခဲ့သည်။ ယခင်ကဆိုလျှင်ဘာမျှမဖြစ်သော်လည်း ယခုတစ်ကြိမ်တွင်စိတ်ထဲ၌လေးလံနေသလိုလိုတုံ့ဆိုင်းသလိုလို ရင်ဖိုနေသလိုလို။

ထူးခြားသော ခံစားမှုတစ်ခုဖြစ်နေသည်တော့အမှန်ပင်။ အခန်းတိုင်းက တံခါးတွေပိတ်ထားကြသည်။ အတက်အဆင်းလူမရှိ။

သူမ တတိယအချိုးကိုချိုးလိုက်သည်။ လှေကားက သိပ်ကျယ်ကျယ်ဝန်းဝန်းတော့မရှိ၊ လူနှစ်ယောက်အလွယ်တကူရှောင်နိုင်ရုံလောက်သာ။

သူမ စတုတ္ထအချိုးကို ချိုးလျက်တက်မည်အပြုတွင် ...

"အမေ့"

ရုတ်တရက်ဆိုတော့ လန့်သွားတာအမှန်ပင်။ လူတစ်ယောက်လှေကားထိပ်တွင်ထိုင်နေတာတွေ့သည်။ ယောကျ်ားမှန်းမိန်းမမှန်းသိပ်မသဲကွဲ။ ဝတ်ထားသည့် အင်္ကျီကပွယောင်းယောင်း။ ဆေးရုံတွင် လူနာတွေဝတ်သည့် ဆင်တူဝတ်စုံများနှင့်တော်တော်တူသည်။ ဆံပင်တွေက ပွယောင်းယောင်းဖြင့် မသေမသပ်ဖြစ်စွာ ကုပ်ပေါ်သို့ဝဲကျနေသည်။

သေသေချာချာကြည့်တော့မှ မိန်းမကြီးတစ်ယောက်။

လှေကားအဆင့်တွင်ထိုင်ကာ လက်ကတစ်စုံတစ်ရာလုပ်နေတာတွေ့သည်။ စက္ကူဖြင့် အရုပ်တွေချိုးနေသလိုလို။ ဆံပင်များရှေ့သို့ဝဲကျနေခြင်း၊ အလင်းရောင်လုံလောက်စွာမရခြင်းများကြောင့် မျက်နှာကို ထင်ထင်ရှားရှားမမြင်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားဖြစ်မိသောကြောင့် သူမခြေလှမ်းတွေ ရပ်တန့်သွားသည်။ သို့သော် ချက်ချင်းဆိုသလိုပင် ဆက်တက်ရန်အားယူလိုက်၏။

မိန်းမကြီးထိုင်နေသည်က နံရံဘက်။ ထို့ကြောင့် သူမကိုင်ထားသော လက်ရမ်းအတိုင်းဆက်တက်သွားလျှင် အဆင်ပြေနိုင်ပါသည်။ စဉ်းစားစရာသည်က သည်လိုအချိန်မျိုးတွင် သည်နေရာ၌လာကာ ဘာထိုင်လုပ်နေပါသလဲ။

သည်မိန်းမစိတ်မနှံ့သူတစ်ဦးလား။

စိတ်မနှံ့သူတစ်ဦးဆို သူမဖြတ်သွားမှ ဂူးဂူးဝါးဝါးထလုပ်လျှင် မည်သို့လုပ်ရပါမည်လဲ။ သို့သော် နေရာတကာတွင်တော့ တော်တန်ရုံကြောက်တတ်သူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် ခပ်တည်တည်ပင် ဆက်တက်သွားလိုက်သည်။

တစ်ထစ်။

နှစ်ထစ်။

သုံးထစ်။

ထိပ်သို့ရောက်ခါနီး သူမမျက်လုံးတွေက တိုက်ရိုက်မဟုတ်သော်လည်း မသိမသာနှင့်သတိကြီးစွာကြည့်လာခဲ့သည်။

ဖြတ်ပြီ။

ဘာမျှထူးထူးခြားခြားမရှိ။ အေးအေးဆေးဆေးပင်။

နောက်တစ်ချိုးသို့အရောက် လွတ်ပြီဆိုသောအသိဖြင့်ခပ်သွက်သွက် တက်လာခဲ့သည်။

နောက်ပြန်ငဲ့ကြည့်တော့ ထိုမိန်းမကြီးတုတ်တုတ်မျှမလှုပ်။ အခန်းရှေ့ရောက်သောအခါ တံခါးကိုသော့မြန်မြန်ဖွင့်လိုက်သည်။

"ကျွီ"

သံတံခါးတစ်ထပ်။





သစ်သားတံခါးတစ်ထပ်။

အခန်းအတွင်းသို့ဝင်ကာ ခပ်သွက်သွက်ပင်တံခါးကိုပြန်ပိတ်လိုက်၏။

"ဒုန်း"

နောက်မှ ... သူမ သက်ပြင်းကိုချကာ စိတ်သက်သာရာရသွားလေသည်။ တော်ပါသေးသည်။ ထိုနေရာတွင် မိန်းမတစ်ယောက်မဟုတ်ဘဲ ယောကျ်ားတစ်ယောက်ဖြစ်နေပါလျှင် ဘယ်လောက်များထိတ်လန့်ရမည်မသိ။

သူမရေတစ်ခွက်သောက်လိုက်သည်။

ထိုင်စောင့်နေရမှာပျင်းနေသည်မို့ Hip Hot အခွေအချပ်ကို စက်ထဲထည့်ကာ နားထောင်နေလိုက်၏။ မြူးမြူးကြွကြွသံစဉ်များမို့ သူမစိတ်တွေ ပြန်လည် သွက်လက်မြူးကြွလာခဲ့ရ၏။

"ညှောင်"

အခန်းဝမှကြောင်တစ်ကောင်။ သူ့ကိုစိမ်းစိမ်းကြီးကြည့်ကာ အမြီး ထောင်လျက် အော်နေတာတွေ့သည်။ ထို့ကြောင့်အော်ပုံကို မေသက်နိုင် မနှစ်သက်နိုင်ပါ။

ရန်သူတစ်ယောက်လို ...။

အန္တရာယ်ပေးမည့်လူတစ်ယောက်လို ...။

"တော်တော်ဆိုးဝါးတဲ့ကြောင်စုတ်"

သူမက အနားတွင်ရှိသောအချိုရည်ဘူးခွံနှင့် ကောက်ပေါက်လိုက်သည်။ ထိုအခါ ထွက်ပြေးလေတော့၏။ ကြောင်များကိုတော့ သူမနည်းနည်းလေးမှ မချစ်တတ်။

သို့ဖြင့် နာရီဝက်ခန့်ကြာသွားသည်။ နေမင်း ပေါ်မလာသေး။

"ကြည့် ... ခုချိန်ထိရောက်မလာနိုင်သေးဘူး"

ပါးစပ်က ဗျစ်တောက်ဗျစ်တောက်ဆိုလျက် တေးဂီတသံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



သူမ သီချင်းတွေလိုက်ဆိုနေပါသေး၏။

ခဏအကြာ လူခေါ်ခေါင်းလောင်းသံလေး အိသံမြည်လာသည်။

"ဟော လာပြီ"

သူမ အသံကိုတိုးလိုက်ကာ၊ တံခါးဆီသို့အပြေးလာလျက် လက်ကိုင်ဘုသီးလေးကို လှည့်ဖွင့်လိုက်၏။

"အမလေး"

သူမစိတ်လွှတ်ကိုယ်လွှတ်အော်လိုက်မိသည်။ အကြောင်းမှာ စောစောက မိန်းမကြီးတံခါးဝတွင် မားမားကြီးရပ်နေသောကြောင့်ဖြစ်၏။

မျက်လုံးတွေက ပြူးကျယ်လျက် မျက်ကွင်းတွေက ညိုညိုညစ်ညစ်။

တွဲကျနေသောပါးရေတွေက အမြောင်းအမြောင်းထနေသည်။

နှုတ်ခမ်းတွေက သွေးမရှိတော့သလိုဖြူဖတ်ဖြူလျော်။

လိပ်ပြာလွင့်စဥ်သွားမတတ် ဖြစ်သွားရသောပုံရိပ်။

"ဒုန်း"

သူမ ကြာကြာစဥ်းစားချိန်မပေးနိုင်။ တံခါးကိုစိတ်ရှိလက်ရှိဆောင့်ပိတ်လိုက်သည်။

"ဘယ်လိုမျက်နှာကြီးလည်း မသိဘူး"

သူမ ရင်ဘတ်ကိုလက်ဖြင့်ဖိကာ ဆိုဖာပေါ်ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

"ဘာလို့လာပြီးနှောင့်ယှက်ရတာလဲ၊ ပြီးတော့ ဒီမိန်းမက ဘယ်သူလဲ"

မေသက်နိုင် မဝေခွဲတတ်အောင်ဖြစ်နေသည်။ အကယ်၍တောင်းရမ်းစားသောက်သူဆိုလျှင် တစ်စုံတစ်ရာတော့ပြောရမည်ပေါ့။ အကူအညီတောင်းရမည်ပေါ့။





ခုတော့ သည်လိုမဟုတ်။

လူကိုကြည့်နေတာများ စားတော့ဝါးတော့မည့်အတိုင်း။

သူမ ရေတစ်ခွက်ထသောက်လိုက်ပြန်သည်။ စိတ်တွေ မငြိမ်မသက်ဖြစ်လွန်းလှပါ၏။

"ကိုမင်းတစ်ယောက်ကလည်းနော်"

အလိုလိုနေရင်းစိတ်ထဲတွင် ဒေါ်တွေပွနေမိ၏။ သူမ ဆိုဖာပေါ်ငြိမ်ငြိမ်သက်သက်လေးထိုင်နေစဥ် ...

"ဂလွမ်"

"ဝုန်း"

"ဒုန်း"

"ဂျလွင်"

တစ်ဘက်အခန်းမှာပေါ်ထွက်လာသော အသံတွေဖြစ်သည်။ ပန်းကန်တွေလွှတ်ကျကွဲသံ။ ခုံတွေလဲကျသံ။ ပစ္စည်းတွေဖရိုဖရဲဖြင့် ကြမ်းပေါ်လိမ့်ဆင်းသွားသံ။

"ဟင် ... ဒါ တစ်ယောက်ထဲနေတဲ့ ဟိုအန်တီကြီးအခန်းထဲကပဲ"

သူမ အသာလေးနားစွင့်နေလိုက်၏။ အသံတွေကရပ်သွားလိုက် ပြန်ပေါ်လာလိုက်နှင့် ... ။

"အန်တီကြီး ဘာတွေအလိုမကျဖြစ်နေလို့ပါလိမ့်"

သူမ ထိုမျှလောက်သာတွေးနိုင်ပြီး ထွက်ကြည့်ရန်အတွက်တော့ သတ္တိမရှိပါ။

"စောစောကမိန်းမကြီးဟိုအခန်းကို ရောက်သွားပြီးရန်ဖြစ်နေကြတာလား၊ အို ... ဘာတွေမှန်းကိုမသိဘူး စိတ်ရှုပ်လိုက်တာ"

သည်နေ့ သည်အခန်းကိုလာမိတာ မှားများမှားသွားပြီလားဟု



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိသေးသည်။

ထိုစဉ် လူခေါ်ခေါင်းလောင်းမြည်လာသည်။

''ဟင် ... မြည်လာပြန်ပြီ''

ဟိုမိန်းမကြီးယင်ဖြစ်လေမလားဟု တွန့်ဆုတ်နေမိ၏။ သို့သော်လည်း ခေါင်းလောင်းကအဆက်မပြတ်မြည်နေသည့်မို့ တံခါးနားသွားကာ ခပ်ကျယ်ကျယ်လေးလှမ်းအော်သည်။

''ဘယ်သူလဲ''

''ဘယ်သူလဲလို့ မေးနေတယ်လေ''

ထိုအခါမှ အပြင်မှအသံကိုကြားရ၏။

''မေသက်နိုင်လား ကိုမင်းပါ''

ထိုအခါမှ သူ စိတ်ကိုဒုန်းဒုန်းချကာ တံခါးကိုအစောတလျှင်ဖွင့်ပေးမိသည်။

''အထဲကိုမြန်မြန်ဝင် ကိုမင်း၊ အထဲကိုမြန်မြန်ဝင်''

''ဘာကြောင့်လဲ''

''ဘာတွေမှန်းကိုမသိဘူး''

သူမ ပြောပြောဆိုဆို နေမင်းကိုကျော်လျက် တစ်ဘက်အခန်းမှတံခါးကိုဖျတ်ခနဲကြည့်လိုက်၏။

''ဟင် ... သော့နှစ်လုံးတောင်ခတ်ထားတာပဲ''

သူမ ဖြစ်နေပုံကို နေမင်းနားမလည်နိုင်။ မေသက်နိုင်ဖြစ်နေပုံကလည်း ပျာရိပျာယာမဟုတ်လား။ သူအထဲသို့ဝင်လျှင်ဝင်ချင်း မေသက်နိုင်တံခါးကို ကပျာကယာပိတ်လိုက်သည်။

''ဘာတွေဖြစ်နေတာလဲ''

''လာ ... ဒီကိုလာ ပြောပြမယ်''





သူမက နေမင်းကိုဆိုဖာပေါ်ဆွဲခေါ်သွားသည်။ ထို့နောက် ထိုင်နိုင်းသည်။

''ပြောတာ အသာထားဦး ရေလေးတစ်ခွက်လောက်တိုက်စမ်းပါဦး''

သူမရေခဲသေတ္တာထဲမှ ရေခဲရေတစ်ခွက်ကို ငှဲ့ကာနေမင်းကိုတိုက်သည်။ သူက အားပါးတရ သောက်လိုက်ပြီး ခွက်ကိုစားပွဲပေါ်ပြန်တင်လျက် ...

''ကဲ ... ပြော''

''ကိုမင်းအခန်းကိုလာတုန်းက လှေကားအတက်မှာ မိန်းမကြီးတစ်ယောက် ထိုင်နေတာကိုတွေ့တယ်''

''မိန်းမကြီး''

''အသက် (၆၀) ကျော်လောက်ရှိမယ်ထင်တာပဲ''

မေသက်နိုင်က မိန်းမပီပီ ထိုမိန်းမကြီးပုံပန်းသဏ္ဍာန်နှင့်ဝတ်စားဆင်ယင်ပုံကို မျက်လုံးထဲကွက်ခနဲမြင်သာအောင် ပြောပြလိုက်၏။

''ဘာထိုင်လုပ်နေတာလဲ''

''မသိဘူး ... လက်ထဲမှာ စက္ကူလိုလို ပိတ်စလိုလိုဟာကိုခေါက်နေတာ''

''ဆက်ပြော''

သူမ အလန့်တကြား ထိုမိန်းမကြီးကို ဖြတ်လာခဲ့ရပုံ။ အခန်းထဲရောက်သည်အထိ စိတ်လှုပ်ရှားနေရပုံ သီချင်းနားထောင်ပုံ။ လူခေါ်ခေါင်းလောင်းသံကြား၍ ထဖွင့်ပေးရာ စောစောကမိန်းမကြီး ဘာမှလည်းမပြောဘဲ အခန်းဝတွင် တောင့်တောင့်ကြီးရပ်နေပုံ၊ တံခါးကိုဆောင့်ပိတ်ခံရပုံ၊ သိပ်မကြာ အန်တီကြီးအခန်းမှ အသံဗလံများကြားရပုံကို အသေးစိတ်ပြန်ပြောပြလိုက်သည်။

''နိုင်က ... အခန်းထဲမှာ အန်တီကြီးဒေါ်သဖြစ်ပြီး ပစ္စည်းတွေပါက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲနေတာလို့ထင်တာ''

''နားကြားမှားတာလားကွာ''

''ဘယ်လိုမှ မမှားနိုင်ဘူး၊ ဟောဒီနားနဲ့ဆက်ဆက်ကြားခဲ့ရတာ၊ ဒါပေမယ့်''

''ဒါပေမယ့် ဘာဖြစ်လဲ''

''စောစောကလှမ်းကြည့်တော့ သော့ခလောက်နှစ်လုံးတောင်ခတ်ထားတာကျတော့''

''ဘယ်လိုထင်လဲ''

''ဘယ်လိုထင်ရမှာလဲ – စောစောကအထဲမှာသောင်းကျန်းတာတော့ သောင်းကြမ်းနေတာပဲ''

သူခပ်တွေတွေ စဉ်းစားနေရင်းမှ မေသက်နိုင်ကိုကြည့်ကာ –

''အထဲမှာ ဘယ်သူမှမရှိသလို အန်တီကြီးကလည်းမရှိတော့ဘူး''

''အန်တီကြီး ဘယ်သွားနေလို့လဲ''

''မနေ့က မနက်ပိုင်းကတင်ဆုံးသွားပြီ''

''ဘုရားရေ''

မေသက်နိုင် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားကာ သူ့အနားလာထိုင်သည်။ သူက ဆုံးပုံဆုံးနည်းကိုပြောပြလိုက်၏။

''ဟောတော့ ... ဒါ ... ဒါ ... ဆို''

''နိုင်က – အန်တီကြီးကိုနာမည်သာကြားဖူးပြီး၊ လူကိုမမြင်ဖူးဘူးမဟုတ်လား''

''အင်း''

''ဒါဆို – စောစောကမိန်းမကြီးဟာ''

''အမလေး''





ထိုအခါမှ သူမပို၍လန့်သွားပါသည်။

''ဒါပေမယ့် ဟုတ်ချင်မှလည်းဟုတ်မှာပါ၊ တခြားတစ်ယောက်လည်းဖြစ်နိုင်တာပဲ''

''အို – ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ် အမလေး ကြောက်စရာကောင်းလိုက်တာ၊ တော်ပြီ တော်ပြီ နောက်ဆို ကိုမင်းအခန်းကိုမလာရဲတော့ဘူး''

နေမင်းက ဘာမျှပြန်မပြော ခပ်ဆတ်ဆိတ်ပင်နေလိုက်သည်။ အတန်ငယ်ကြာမှ ...

''နိုင် ... ကိုယ့်ဆီလာတာ''

''အားလို့ ညစာအတူတူထွက်စားရအောင်လာတာ၊ နေစမ်းပါဦး ကိုမင်းကဘယ်ကိုသဝေထိုးနေရတာလဲ၊ နိုင်းဖုန်းဆက်တာအကြိမ်ကြိမ်၊ စိတ်မရှည်တော့ လို့ အခန်းထိလိုက်လာတာ''

''မြို့ထဲမှာ ဒါရိုက်တာတစ်ယောက်နဲ့တွေ့လို့ အလုပ်ကိစ္စပြောရင်း နောက်ကျသွားတာ၊ ကဲပါ – ခုလည်းစောပါသေးတယ်၊ တစ်ဆိုင်ဆိုင်သွားကြမယ်လေ''

''စားချင်စိတ်တောင်မရှိတော့ဘူး''

''ကဲပါ ... စားချင်ချင် မစားချင်ချင် ဝင်သလောက်လေးတော့ စားလိုက်၊ ဟုတ်ပြီလား''

နေမင်းချော့တော့ မေသက်နိုင်ကြာကြာတင်းမထားနိုင်။

ထို့နောက် သူတို့ တိုက်အောက်ထပ်သို့ဆင်းလာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## မထင်မှတ်သူတစ်ဦး

ထိုအဖြစ်အပျက်ဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသွားသည့်နောက် ‒ ။ နေမင်းတိုက်ခန်းရှေ့ရှိ ဝရန်တာတွင်ငေးနေစဉ်အခိုက် ‒ ။ အချိန်က နံနက် (၈) နာရီထိုးလောက်ပင် ရှိပါလိမ့်ဦးမည်။

အိမ်ရာဝင်းထဲသို့ ကားအဖြူလေးတစ်စီး ဝင်လာတာတွေ့သည်။ ကိုယ်ပိုင်ကားစီးနိုင်သူ တော်တော်များများတွေ့နေခြင်းကြောင့် ထိုသို့ကားများ အဝင်အထွက်ရှိသည်မှာ အထူးအဆန်းတော့မဟုတ်။

သို့သော် ‒

သူ သည်ကားကိုတော့အနည်းငယ်စိတ်ဝင်စားမိသည်။ တစ်နေရာရာတွင် မြင်ဖူးနေသလိုလို။ တစ်ယောက်ယောက်နှင့်တွဲဖက်ကာ မှတ်မိနေသလိုလို။

ကားကလေးငြိမ့်ခနဲထိုးရပ်သွားသည်။

ဘေးနောက်ခန်းမှ မိန်းကလေးတစ်ယောက်ဆင်းလာသည်။ သူ ထိုင်နေရာတိုက်ခန်း၏ ရှေ့တည့်တည့်အောက်တွင်။





"ဟင်"

သူ အံ့အားသင့်သွားသည်။ ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်တော့။ သူမှသူအစစ်ပင်။

"ယွန်း"

နေကာမျက်မှန်တပ်ထားသောကြောင့် မှန်းရခက်မည်ထင်သော်လည်း သူ့စိတ်ထဲတွင်တော့ ယွန်းကို ဘာမှမမှတ်မိနိုင်စရာအကြောင်းမရှိ။

"ဒီအိမ်ရာကို ဘာလာလုပ်တာပါလိမ့်"

အသိတစ်ယောက်ဆီလာတာလား။ သူ့ဆီကိုတော့ ဘယ်လိုမှမဖြစ်နိုင် မှန်းသူသိသည်။

သူမက သူတို့ဆီတက်သည့်လှေကားရှေ့တွင် ခဏရပ်လိုက်သည်။ နောက် ‒ စတိုးဆိုင်မှကောင်မလေးကို တစ်စုံတစ်ရာမေးနေတာတွေ့သည်။ ထို့နောက် လှေကားအတွင်းသို့ ဝင်သွားလေသည်။

"သူ ငါတို့တိုက်ပေါ်တက်လာပြီ"

သူ့စိတ်တွေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ယွန်း ဘယ်အခန်းကို သွားမှာပါလိမ့်။

သူ အခန်းတံခါးကိုဖွင့်သည်။ အောက်သို့ဆင်းခဲ့သည်။ တစ်နေရာ အရောက်တွင် ‒

"ယွန်း"

"ဟင် ကိုနေမင်း"

ယွန်းတအံ့တသြဖြစ်သွားသလို ပျော်ရွှင်သွားပုံလည်းပေါ်သည်။

"ကိုနေမင်းက ဒီမှာနေတာလား"

"အင်း ‒ စောစောကယွန်းအပေါ်တက်လာတာမြင်လို့ ကိုယ်ဆင်းလာတာ၊ ဘယ်အခန်းသွားမလို့လဲ"

www.burmeseclassic.com



ယွန်းက နေကာမျက်မှန်ကိုချွတ်လိုက်သည်။

"အခန်း နံပါတ် (၈)ကို"

"ဟင် ... အခန်းနံပါတ် (၈) ဟုတ်လား"

"ဘာလို့လဲ"

"အဲဒီအခန်းမှာ ဘယ်သူမှမရှိဘူးလေ"

"သိတယ် ... မကြာခင်က ဆုံးသွားတဲ့အန်တီထားရဲ့အခန်း"

"ယွန်းက အန်တီထားကိုသိတယ်"

"ရုပ်ဆွေရုပ်မျိုးဆိုပါတော့ ... ယွန်းဒက်ဒီက ပအိုး(ဝ်)သွေးနည်းနည်း ပါတယ်၊ ဒက်ဒီဖာတီက ရှမ်းပြည်နယ်ထဲက နန်းထားဆိုတဲ့ရွာ၊ ဒီအခန်းက ဒက်ဒီဝယ်ထားတဲ့အခန်း အန်တီထားကိုနေခွင့်ပေးထားတာ"

"ယွန်း အဲဒီအခန်းကိုလာဖူးလား"

"ဟင့်အင်း ... ဒက်ဒီပဲလာတယ်၊ ဒါတောင် တစ်ခါတလေပါ တော်ရုံမလာပါဘူး"

"အန်တီထားအခန်းက ကိုယ့်အခန်းနဲ့ကဘေးချင်းကပ်"

"ဟုတ်လား"

"လာကိုယ်လိုက်ပို့မယ်"

သူတို့နှစ်ယောက် အပေါ်ထပ်သို့တက်လာခဲ့ကြသည်။

"ဒါ ... ကိုယ့်အခန်းလေ၊ အထဲဝင်ထိုင်ပါဦးလား"

ယွန်းမငြင်းပါ။ သူဖိတ်ခေါ်လာသည့် အခန်းထဲသို့လိုက်လာသည်။

"တစ်ယောက်တည်းလား"

"အင်း"

သူမ ကုလားထိုင်တွင်ဝင်ထိုင်ကာ ဟိုဟိုသည်သည်ကြည့်သည်။

"ခဏလေးနော် ကိုယ်ကော်ဖီဖျော်လိုက်ဦးမယ်"





"နေပါစေ ကိုနေမင်း၊ ယွန်းအတွက်ဘာမှမလုပ်နဲ့"

"ဘယ်ဟုတ်ပါ့မလဲ"

"ယွန်းစကားကိုနားထောင်ပါ"

ထို့ကြောင့် သူအသာပြန်ထိုင်လိုက်ရ၏။

"အန်တီထားက အတော်ကိုနားလည်ရခက်တယ်နော်"

"ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကလည်း ဆန်းတာကိုး"

မသေဆုံးခင်ညက သူနဲ့အတူညစာအတူတူစားဖြစ်ခဲ့ပုံကိုတော့ မပြောခဲ့။ ယွန်းတင်သာမဟုတ်။ မည်သူ့ကိုမှလည်း ဘယ်တော့မှ ပြောမှာ မဟုတ်။

"ယွန်း ... ဒီအခန်းကိုလာတာ"

"ယူစရာပစ္စည်းတချို့ရှိလို့"

"အန်တီထားမရှိတော့ ဒီအခန်းကို"

"ပြန်ရောင်းပစ်မယ်လို့ ဒက်ဒီကပြောတယ်၊ ဝယ်မည့်သူရှိလာရင်"

"ယွန်းတို့က ဘယ်မှာနေတာလဲ"

"ဘာလဲ လာလည်မလို့လား"

"မဟုတ်ပါဘူး လိုရမယ်ရပါ၊ ယွန်းဆီကို ကိုယ်တယ်လီဖုန်းဆက်သေး တယ်၊ အပြင်သွားနေတာချည်းပဲတိုးနေတယ်"

"ဟုတ်သားပဲ ယွန်းကအိမ်ဖုန်းပေးမိတာကိုး"

ယင်းနောက် ယွန်းကနေရပ်လိပ်စာနှင့်ကိုင်နေသော ဟမ်းဖုန်းနံပါတ် ကိုပေးသည်။ အနည်းငယ် စကားစမြည်ပြောဆိုပြီးနောက် အန်တီထားအခန်း သို့သွားသည်။ ကိုယ်ရေးကိုယ်တာကိစ္စမို့ သူ မလိုက်သွားပါ။ ယွန်းဘာပစ္စည်း တွေယူလိုသည် မသိ။ ဘာကိစ္စရှိသည်မသိ။ သူ့အတွက် သိစရာအကြောင်းလည်း မရှိ။

www.burmeseclassic.com



ယွန်းသော့ဖွင့်ကာ ဝင်သွားပြီးနောက် မိနစ်အနည်းငယ်ကြာမည်ထင်သည်။

"အမလေး"

စူးစူးဝါးဝါး အော်သံတစ်ချက်ကြားလိုက်ရသဖြင့် သူထိတ်ထိတ်ပျာပျာ ဖြစ်ကာ အခန်းဝသို့ရောက်သွားခဲ့၏။

"ယွန်း ... ယွန်း ... ဘာဖြစ်တာလဲ"

ခပ်သွက်သွက်လှမ်းလာသော ယွန်းနှင့်ဆုံသည်။ ယွန်းမှာမျက်နှာ တစ်ပြင်လုံးပျက်ယွင်းလျက် နေမင်းကိုပြေးဖက်လိုက်၏။

"ယွန်း ... ယွန်း"

ယွန်းတစ်ကိုယ်လုံး အသားတွေတဆတ်ဆတ်တုန်နေသည်။ သူ အတန်ငယ်တော့ရိပ်မိလိုက်ပါ၏။ သို့သော် ယွန်းအဖြစ်ကိုတော့ တိတိကျကျ မခန့်မှန်းနိုင်။

"လာလာ ရေလေးသောက်လိုက်ဦး"

ယွန်းမျက်နှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူရော်။ သူခပ်ပေးသည့် ရေကို ယွန်းကသောက်သည်။ လက်တွေက တုန်တုန်ယင်ယင်။

"ယွန်း ... ယွန်း လက်ပွေ့အိတ်လေးကျန်နေခဲ့တယ်"

"ဘာဖြစ်တာလဲ ယွန်းရယ်၊ အလန့်တကြား"

"ယွန်းက အန်တီထားရဲ့မှတ်တမ်းစာအုပ်နဲ့ ဓာတ်ပုံအယ်ဘမ်ကိုရှာတာ၊ အများအားဖြင့် အဝတ်အစားထည့်တဲ့ သေတ္တာထဲမှာရှိတတ်တာ၊ အဲဒါကြောင့် အိပ်ခန်းထဲကိုအဝင် ခုတင်ပေါ်မှာ ... "

သူမ ထိုနေရာတွင်ပင်စကားထစ်သွားသည်။

"ခုတင်ပေါ်မှာဘာဖြစ်လဲ"

"မိန်းမကြီးတစ်ယောက် ကျောပေးပြီးဆောင့်ကြောင့်ကြီးထိုင်နေတာ"

ဓိရင့်အောင်စာဝေ



"အထဲမှာ ဘယ်သူရှိနိုင်မှာလဲ"

"ကိုယ် သွားကြည့်လိုက်မယ်လေ"

သူမ ဘာမျှမပြော။ ထို့ကြောင့် သွားကြည့်စေချင်သည့်သဘောဖြစ်နေသည်။ သူ အန်တီကြီးအခန်းသို့ဝင်လာခဲ့သည်။ ပထမဦးဆုံးဧည့်ခန်း။ အရင်တစ်ခေါက်ရောက်ဖူးနေသည်မို့ သိပ်မထူးခြား။ ဘုရားစင်ကိုလှမ်းကြည့်တော့ ပန်းတွေကခြောက်ခြောက်သွေ့သွေ့။ လူမနေသည့်အခန်းမဟုတ်လား။

ယင်းနောက် ... အိပ်ခန်း။ သတိကြီးကြီးထားဝင်သည်။ ခုတင်ပေါ်တွင် ဘာမျှမရှိပါ။ ခေါင်းဦးတွေ စောင်တွေသာရှိသည်။ ထို့နောက် ထမင်းစားခန်း မီးဖိုဆောင် ရေချိုးခန်း။

ဘာအရိပ်အယောင်မှမတွေ့ခဲ့ပါ။

"အဲ မေ့တော့မလို့ ယွန်းရဲ့လက်ပွေ့အိတ်"

လက်ပွေ့အိတ်က ဗီရိုနားတွင်ရှိနေသည်။ ကောက်ယူကာ တံခါးပိတ်လျက်ထွက်လာခဲ့သည်။

"ဟော့ဒီမှာ လက်ပွေ့အိတ်"

ယွန်းက သိလိုဇောဖြင့် သူမျက်နှာကိုကြည့်သည်။

"ယွန်းပြောသလိုမျိုး ကိုယ်မတွေ့ခဲ့ရဘူး"

"ယွန်းအကြည့်မှားတာတော့မဖြစ်နိုင်ဘူး"

"ကဲပါလေ ထားလိုက်ပါတော့ ယွန်းလိုချင်တဲ့ပစ္စည်းဆက်ရှာဦးမလား"

"မရှာတော့ဘူး ပရိဘောဂပစ္စည်းတွေအိမ်ကိုရွှေ့ပြီးမှပဲ ရှာတော့မယ်၊ ကိုနေမင်း ယွန်းပြန်မယ်"

"ကိုယ်အောက်ထိလိုက်ပို့မယ်"

သူ ယွန်းကိုတိုက်အောက်သို့လိုက်ပို့ပေးခဲ့သည်။

"ကျေးဇူးပါပဲ ကိုနေမင်းရယ်"

ဓိရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com



သူမက ကားလေးပေါ်တက်ပြီးလက်ပြနှုတ်ဆက်သွားသည်။ သူ့ရင်ထဲတွင်တော့ အမျိုးအမည်မဖော်ပြတတ်သည့် ခံစားမှုတစ်ခု ဖွဲ့တည်ခဲ့သည်မှာတော့ မငြင်းနိုင်ပါ။



## ပေါက်ကွဲမှုသံစဥ်

မေသက်နိုင် လက်နှစ်ဖက်ကိုခပ်ကြမ်းကြမ်းလေးပွတ်သပ်နေမိသည်။ ဒေါသကြောင့် တစ်ကိုယ်လုံးလည်းတုန်တုန်ရီရီ၊ စားပွဲပေါ်ရှိ မှာထားသောကော်ဖီပန်းကန်မှာအရာမယွင်းသေး။

အမှန်စင်စစ် သောက်ချင်၍မဟုတ်။ ခေတ္တခဏရှောင်တိမ်းရာနေရာအဖြစ် ထိုင်နေခြင်းဖြစ်သည်။ နေမင်းတို့နေထိုင်ရာ အိမ်ရာနှင့် မလှမ်းမကမ်းဝေးလှသောနေရာလေး။ လက်ဖက်ရည်ဆိုင်လေး။

မြင်ခဲ့ရသော မြင်ကွင်းက မယုံကြည်နိုင်စရာ။ ကမ္ဘာလောကကြီးဘယ်လိုတွေဖြစ်ကုန်ကြသည်မသိ။ ယောက်ျားတွေ၏ သစ္စာတရားချစ်ခြင်းမေတ္တာတွေကိုလည်း အယုံအကြည်မရှိတော့ပါ။

စောစောက သူမ နေမင်းရှိရာအခန်းသို့ တစ်လှမ်းချင်းတက်လာခဲ့သည်။ သည်မှာတင် အခန်းရှေ့တွင် ဘယ်လိုမှယုံကြည်နိုင်ဖွယ်မကောင်းသောမြင်ကွင်းကိုမြင်ရတော့၏။

တစ်ယောက်ကိုတစ်ယောက်သိုင်းဖက်ထားကြသောနေမင်းနှင့်ယွန်း။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘယ်လိုဘယ်လို ပတ်သက်သွားကြတာလဲ၊ ဘယ်အချိန်ကစပြီး ချစ်သွားကြတာလဲ။

ယွန်း ...

သူမနှင့်အတူတူ အနုပညာအလုပ်တွေလုပ်နေသည့်သူ။ ငွေကြေးချမ်းသာသူ။ လူကုံထံအသိုင်းအဝိုင်းက ... ။

မြင်လျှင်မြင်ချင်း ရုတ်ခနဲလှည့်လာမိသည်။ ထိပ်တိုက်ရင်မဆိုင်လို၍လား။ သိမ်ငယ်စိတ်ဦးဆောင်သွားလို့လား။

ဖြစ်စဉ်ကို အသေးစိတ်စောင့်ကြည့်လို၍လား။ တိတိကျကျမပြောနိုင်ပါ။ သို့ဖြင့် သူမလက်ဖက်ရည်ဆိုင်သို့ရောက်လာခဲ့သည်။ ဒေါသစိတ်ကြောင့် မျက်လုံးတွေဝေါ်းနေသည်။ အခန်းဆီသို့လှမ်းကြည့်ရသည်မှာလည်း အမော။

တကယ်တမ်းဆိုလျှင် သူ နေမင်းအပေါ်မှာ နှစ်နှစ်ကာကာချစ်မိသူတစ်ဦးတော့မဟုတ်ပါ။ မိမိ၏အောင်မြင်မှုလမ်းကြောင်းပေါ်တွင် ရှိသင့်ရှိထိုက်သော လူတစ်ယောက်အဖြစ် တွဲနေခြင်းဖြစ်သည်။

သည်နေရာတွင် အခြားမိန်းကလေးတစ်ယောက်နှင့်တွေ့ရသည်ဆိုပါလျှင် သူမထိုမျှလောက်ပေါက်ကွဲမှုတွေဖြစ်မည်မဟုတ်။

ယခုတော့ ယွန်းဆိုသည့်မိန်းမကြောင့်။

သူမနှင့်ယွန်းခေါ်ပြောဆက်ဆံနေရသော်လည်း၊ စိတ်ချင်းတူသည်မဟုတ်။ အတွေးအခေါ်ချင်းတူသည်မဟုတ်။ စရိုက်ချင်းတူသည်မဟုတ်။ ပြီးတော့အလိုလိုနေရင်း ဝန်တိုမှုဖြစ်နေရသည်မှာတော့ ထူးဆန်းလှပါသည်။ သူမကို လိုက်ပြိုင်နေသည်ဟု ထင်မိသည်။ အကောင်းမမြင်ဟုထင်သည်။

"ဟော ... ဟိုမှာဆင်းလာကြပြီ"

တိုက်အောက်သို့ သူတို့နှစ်ယောက်ယှဉ်တွဲဆင်းလာကြသည်။ တောက်တစ်ချက်ကို ခပ်တိုးတိုးခေါက်ကာ မျက်နှာတစ်ဘက်သို့လွှဲမိသည်။





သို့သော် ကြာကြာတော့မကြည့်ဘဲ မနေနိုင်။

သူမကို ကားဆီထိလိုက်ပို့တာတွေ့သည်။ ထို့နောက် ကားလေးထွက်သွားသည်။ သူ တိုက်ပေါ်ပြန်တက်သွား၏။

သူမဆုံးဖြတ်ချက်ချရပေတော့မည်။ ပြတ်သားရပေတော့မည်။ သူမပိုက်ဆံရှင်းလိုက်သည်။ မသောက်ဘဲချန်ထားခဲ့သော ကော်ဖီခွက်လေးကို စားပွဲထိုးလေးကငေးကြည့်နေသည်။

လှေကားအတိုင်း တစ်ထစ်ချင်းသူမတက်လာသည်။ ခြေလှမ်းတွေကယိုင်နဲ့နေသည်။ အင်အားတွေမရှိတော့သလိုပင်။ အပေါ်ရောက်တော့ အခန်းတံခါးပင်ပြန်မပိတ်သေး။

သူမ အခန်းထဲသို့ဝင်လိုက်စဉ် သူကကျောပေးကာရေသောက်နေသည်။ ထို့နောက် ပြန်အလှည့် ... ။

"ဟင် ... နိုင်"

မေသက်နိုင်က သူ့ကိုစူးစူးဝါးဝါးကြည့်သည်။ မီးတောက်မီးလျှံတွေတငွေ့ငွေ့တောက်လောင်နေသည့် အကြည့်ရိုင်းတွေနှင့်ကြည့်သည်။

"မင်း ဘယ်လိုတွေကြည့်နေတာလဲ နိုင်"

သူမ အသားတွေတဆတ်ဆတ်တုန်နေသည်။

"ရှင် ... ယုတ်မာတယ်"

ပြတ်ပြတ်သားသားဆိုလာသော မေသက်နိုင်စကားကြောင့် သူ ကြောင်သွားသည်။

"ဘယ် ... ဘယ်လိုပြောလိုက်တယ်"

"စောစောက ရှင်နဲ့ယွန်း ကမ္ဘာကြီးကိုမေ့နေကြတာပြောတာ"

"ဟင်"

နေမင်းအခြေအနေကို တန်းခနဲသဘောပေါက်သွားသည်။ ထိုသို့ဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူတို့နှစ်ယောက်ပွေ့ဖက်နေသည်ကို တွေ့သွား၍သာ သည်လောက် တောင် ပေါက်ပေါက်ကွဲကွဲဖြစ်နေတာဖြစ်မည်ဟုသူတွေးသည်။

တစ်ဘက်သတ် အထင်လွဲနေမှုကို သူရှင်းပြလိုက်ရမည်လား။

"မျက်စိနဲ့တပ်အပ်မြင်ခဲ့တာတောင် ရှင်ကငြင်းချင်သေးလား"

နေမင်းအလေးအနက်တွေးလိုက်သည်။

"မင်း မြင်ခဲ့တာပဲ၊ မငြင်းချင်ပါဘူး၊ ဒါပေမယ့် မင်းထင်တာတွေ တစ်ခုမှမဟုတ်ဘူး"

"ဘာ _ ဘယ် _ ဘယ်လို တစ်ခုမှမဟုတ်ဘူး၊ ရှင်ဟာတော်တော် အူကြောင်ကြောင်နိုင်တဲ့လူပဲ၊ ရယ်စရာကောင်းလိုက်တာရှင်"

သူမ မရယ်ချင်ပါဘဲ ဟန်လုပ်၍ရယ်လိုက်သေးသည်။ မင်းသမီးဖြစ်ချင် သူတစ်ယောက်အတွက်တော့ သည်လိုအိုက်တင်မျိုးက မခဲယဉ်းလှပါ။

"မင်း တို့ကိုဆက်ပြီးစိတ်ရှုပ်ထွေးအောင်မလုပ်ရင်ကောင်းမယ်ထင် တယ်"

"ရှင်က ခုတော့ဒီစကားမျိုးပြောပြီပေါ့လေ၊ ကောင်းပါတယ် ကောင်းပါတယ်၊ ရှင် ဘယ်တော့မှ စိတ်မရှုပ်စေရပါဘူး"

သူမ မျက်ရည်များပြည့်ဝဲလာသည်။ အသံတွေက ကတုန်ကယင်။ သိပ်မကြာရှိုက်သံများနှင့်အတူ သူမအခန်းအပြင်သို့ပြေးထွက်သွားပါသည်။

သူ ဘာကြောင့် ရှင်းမပြလိုက်ရပါသလဲ။ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့။ တကယ်ဆိုလျှင် အဖြစ်မှန်ကိုတော့ တိုတိုရှင်းရှင်း ပြောပြ လိုက်ဖို့ကောင်းသည်။ ယွန်း၏ဂုဏ်သိက္ခာလည်းရှိသေးသည်မဟုတ်လား။ ခုတော့သူ့ဘက်က နည်းနည်းလွန်ရာကျသွားပေပြီ။

"အား ... စိတ်ရှုပ်လိုက်တာ"

သူ ဝရံတာသို့ထွက်ကြည့်လိုက်သည်။ သူမ အရိပ်အယောင်ကိုမမြင်





ရတော့။ သူ သက်ပြင်းကိုအသာချလိုက်၏။ နောက်ဆက်တွဲဖြစ်လာမည့် အကျိုး အပြစ်များကိုတော့ သူ မတွေးတတ်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

## ပြဿနာတစ်ခုတစ်ရာ

ခုတလော ခေါ်ချိုသက်စိတ်တွေလေးလံထိုင်းမှိုင်းနေတာသေချာပါသည်။ အလုပ်တွေလုပ်ရာတွင် စိတ်မပါသလိုလို၊ တစ်စုံတစ်ရာကို မကျေနပ်သလိုလို နေရထိုင်ရခက်နေသလိုလို။

ထိုသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းကိုလည်း သူမဘာသာ သိနေသည်။ အခြားသူ အတွက်တော့မဟုတ်။ မေသက်နိုင်ကြောင့်ပင်။ သူမနှင့် မေသက်နိုင် စတင်ဆုံစည်းကြစဉ်ကတည်းက စိတ်တွေတစ်မျိုးဖြစ်ခဲ့ရသည်။ အလိုလိုနေရင်း သမီးရင်းတစ်ယောက်လိုမြင်မိသည်။ သူမအနေနှင့်ကတော့ ဘဝဘဝကရေစက်များလားဟု သံသယဖြစ်မိသည်။

သို့တစေ သူမ၏အမူအကျင့်အတိုင်း သမီးတစ်ယောက်ဆိုသည့်စိတ်ကို ရင်ထဲမှာသာမြှုပ်နှံထားခဲ့ပြီး အပြင်ပန်းကတော့ ဖျောက်ထားခဲ့၏။ သူမကိုလေ့လာသည်။ သူမကိုအကဲခတ်သည်။

မေသက်နိုင်တွင် ရုပ်ရည်လေးရှိသည်။ ခေတ်အကြိုက်စွဲမက်ဖွယ် ခန္ဓာကိုယ်လေးရှိသည်။ အတွေးသွက်သလို၊ အပြောကလည်းသွက်သည်။





ဖြတ်ထိုးဉာဏ်လည်းကောင်းသည်။ ထို့ကြောင့် သူမကို အတတ်နိုင်ဆုံးဝမြောက်ဘင် မြှောက်ပေးရမည်ဟူသော ဆုံးဖြတ်ချက်ကပိုင်းဖြတ်ပြီးသား။

ထို့ကြောင့် မိတ်ကပ်ပညာကိုသင်စေသည်။ ဆံပင်ပုံစံအမျိုးမျိုးပြုပြင် နည်းတွေကိုသင်စေသည်။ သူမပိုင်သောမော်ဒယ်အေဂျင်စီတွင် တက်စေခဲ့ သည်။

မေသက်နိုင်၏ကြိုးစားမှု ဉာဏ်ကောင်းမှုတို့ကြောင့် အချိန်တိုတို အတွင်းမှာပင် အတိုင်းအတာတစ်ခုအထိရောက်ခဲ့၏။

"သမီးကြိုးစားပါတယ်နော် ... မာမီကြီး"

"ညည်းကိုညည်း အထင်ကြီးနေတာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ကိုယ့်ကြိုးစားမှုကိုယ်ဂုဏ်ယူရတာမျိုး လေ"

"ဟွန်း စကားတော့တော်တော်တတ်တဲ့ကောင်မ"

"မာမီကြီးသမီးပဲ ဒီလောက်တော့ရှိမှာပေါ့"

"ညည်းရဲ့ ပြိုင်ဘက်ကိုလည်းအနိုင်ရဖို့လိုမယ်"

"ပြိုင်ဘက်"

"ဟုတ်တယ်လေ ညည်းရဲ့ပြိုင်ဘက်ယွန်းကိုပြောတာ သူလည်း တော်တဲ့လူတစ်ယောက်ပဲ"

"မာမီကြီးခန့်ထားတဲ့ မန်နေဂျာ ခင်မမရဲ့အမျိုး။ သူက သူ့တူမလေး ဆိုပြီးခေါ်လာတာ၊ ရုပ်လေးလှသလို အရာရာပြောစရာမရှိပေမယ့် ငါ သူ့မျက်နှာ ကိုမြင်မြင်ချင်း မုန်းနေသလိုခံစားရတယ်၊ ဘာလို့မုန်းတယ်ဆိုတာလည်း မပြော တတ်ပြန်ဘူး၊ အမုန်းခေတ်ကိုတစ်ယောက်ယောက်က စေ့ဆော်ပေးနေသလို ပဲ–

သူဟာ ငါမကြိုက်တာတွေလည်းမလုပ်ပါဘူး၊ သူ့ဘာသာသူနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဒါကိုစိတ်ထဲမှာတစ်မျိုးဖြစ်နေတာတော့ အံ့ဩစရာပါပဲ။ မန်နေဂျာကိုသွားထိလို့ရတာမှမဟုတ်တာ၊ ဒီလုပ်ငန်းတွေကိုငါကျွမ်းကျင်တာမဟုတ်ဘူး။ မန်နေဂျာနဲ့နည်းပြကိုအားကိုးနေရတာ၊ ဒါကြောင့် စိတ်ထဲမှာအလိုမကျပေမယ့် လက်ခံထားလိုက်ရတာပဲ ...

ညည်းဟာ သူ့ကိုအမြဲပြိုင်ရမယ်၊ နောက်ပြီး အမြဲနိုင်ရစေမယ်၊ အဲဒါတော့ ခေါင်းထဲမှာမြဲမြဲရိုက်သွင်းထားပါ''

''စိတ်ချပါ မာမီကြီးစကားကို ဘယ်အခါမဆို ဦးထိပ်ပန်ဆင်ထားပါ့မယ်''

ထို့ကြောင့်လည်း ယွန်းအပေါ် သူမ မသိမသာအကဲခတ်လျက် အရိပ်တကြည့်ကြည့်နေလာခဲ့သည်။ တိုက်ခန်းတစ်ခန်းကိုဝယ်လျက်နေစေခဲ့သည်။ အဝတ်အစားအတွက် စားဝတ်နေရေးအတွက်ပံ့ပိုးခဲ့သည်။

နောက် ... ထူးခြားချက်တစ်ခုမှာ ... ။

ယွန်းမှာ သူမလိုပင် ကိုရီးယားအစားအစာနှင့်ဓလေ့စရိုက် ဝတ်စားဆင်ယင်မှုတွေကို အကြိုက်တူနေခြင်းပင်။ တချို့က သူမတို့နှစ်ယောက်ကိုကိုရီးယားဝင်စားတာနေမှာပေါ့ဟုသုံးသပ်သည့်အခါ သူမတို့တွင်ပြန်ပြောရန်အဖြေမရှိခဲ့ပါ။ ခပ်ပြုံးပြုံးလေးသာ လုပ်နေခဲ့ကြ၏။

သည်ခေတ် သည်အခါမျိုးတွင် သူတို့အတွက်တော့ ထူးခြားစွာသီးခြားမနေတော့ပါ။ ကိုရီးယားတီဗွီဇာတ်လမ်းတွဲများ အားကောင်းမောင်းသန်ပြသနေခြင်းကြောင့် အများစုကနှစ်ခြိုက်နေကြပြီး အဝတ်အစား အစားအသောက် ဆံပင်ပုံစံတွေပင် တခုတ်တရ သုံးစွဲပြုပြင်လာကြသူတွေမနည်းတော့။

ထို့နောက် သူမကိုယ်တိုင် မေသက်နိုင်အား ကိုရီးယားကကြိုးကကွက်တွေကို နည်းပြဆရာခေါ်ကာ သင်ကြားပြသပေးခဲ့၏။ သည်လောက်ထိ သူ





မေသက်နိုင်အပေါ် အသေးစိတ်ခဲ့သည်။

သည်ကြားတွင်းမှာမှ မေသက်နိုင်အချစ်ကိစ္စတစ်ခုကို နောက်ကျစွာသိရှိလိုက်ရလေသည်။

ထိုစဉ်ကတည်းက နေမင်းကိုမြင်လျှင်မြင်ခြင်း သဘောမကျလှပါ။ အလုပ်အကိုင်ကြောင့်မဟုတ်။ ဥပဓိရုပ်ကြောင့်မဟုတ်။ ရှိုင်းရှိုင်းစိုင်းစိုင်းပြောတတ်သူမဟုတ်။ သည့်လိုမဟုတ်သည့်ကြားကပင် ဘာကြောင့်မေသက်နိုင်နှင့်အလိုမတူဖြစ်ခဲ့ရသည်ကိုတော့ သူမ ရှင်းမပြတတ်ပါ။

အခန်းတွင်း တွေ့ဆုံခဲ့ပြီးသည့်နောက် ...

''ညည်းဘာကြောင့် ဒီကောင့်ကိုချစ်ရတာလဲ''

''သမီး မသိဘူး''

''ငါတော့ ဒီကောင့်ကိုစိတ်တိုင်းမကျဘူး''

''သမီး သူ့ကိုတွဲတာ ချစ်သူတစ်ယောက်အဖြစ်သက်သက်တင်မဟုတ်ပါဘူး မျှော်လင့်ချက်တွေအများကြီးရှိပါတယ်''

''ဘာမျှော်လင့်ချက်လဲ''

''သူဟာ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာတွေနဲ့ခင်မင်သလို၊ ပရိုဂျူဆာတွေနဲ့ ပတ်သက်မှုရှိတယ်၊ သမီးက မော်ဒယ်တစ်ယောက်အနေနဲ့ ရပ်တန့်နေမှာမှမဟုတ်တာ၊ သရုပ်ဆောင်လောကထဲကိုဝင်ကိုဝင်ရမှာ၊ ဒါမှ လူသိများလာသလို ထင်ပေါ်ကျော်ကြားလာမှာ၊ ဒီနေရာမှာ သူဟာသမီးအတွက် လှေကားထစ်တွေပဲ၊ တံခါးတွေကိုဖွင့်မယ့်သော့တွေပဲ ဒါဆိုမာမီကြီးနားလည်လောက်မှာပါ''

''ညည်း သူ့ကိုတကယ်ချစ်လား''

''အမှန်အတိုင်းဝန်ခံရရင် အဲဒါ သမီးအနေနဲ့ပြောရတာ တော်တော်ခက်နေတယ်၊ ပြောလည်းမပြောတတ်ဘူး၊ အမြတ်မဲ့တသသ သတိရနေသောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



နေတာမျိုးတော့လုံးဝမရှိဘူး၊ သမီးအလုပ်တွေလုပ်နေရင် သူမရှိတော့ဘူး၊ တွေ့တော့မှသတိရသွားတာ၊ စားသောက်ဆိုင်တွေသွားမယ်၊ ရှော့ပင်ထွက်မယ်၊ ညှော်ခံပွဲတွေတက်မယ်၊ ဒါမျိုးဆိုရင်တော့မျှော်နေတယ်၊ ဒီလောက်ပဲ ဒီထက်ကို မပိုတာ''

''ကောင်းပြီလေ ဒီလိုဆိုရင် ထိန်းထိန်းသိမ်းသိမ်းတွဲပေါ့ သည်ကြားထဲ စိတ်မညွှတ်သွားစေနဲ့ ယောကျ်ားတွေရဲ့အန္တရာယ်ရှိတဲ့ဆန္ဒတွေကို မလိုက်လျော နဲ့ ကိုယ်ပေါင်းစိတ်ခွာနေ၊ ကြားလား''

ထိုသို့ သူမ ဆုံးမဩဝါဒအမြဲပေးခဲ့သည်။ သူမပြုလုပ်သောညှော်ခံပွဲ နေ့တွင်လည်း တွေ့ပါသေးသည်။ အသာကြည့်လိုက်သည်။ စာရေးဆရာမှီလား မသိ မာန်စွယ်လေးတွေ ရှိုးတိုးရိတ်တိတ်တွေ့နေရသည်။ ထိုသို့ဖြင့် ... တစ်နေ့ ...

ထိုတစ်နေ့က မေသက်နိုင်မျက်နှာတော်တော်ပျက်ဆင်းနေသည်။ အလုပ်ပေါ်လည်းအာရုံရောက်ပုံမပေါ်။ အငေးအတွေးတွေကလည်း လွန်လွန် ကဲကဲ။ သူမ အချိန်ယူကာအကဲခတ်နေသေးသည်။ ကြာတော့မနေနိုင်စွာ ဖွင့်မေးလိုက်သည်။

''ညည်းဘာဖြစ်နေတာလဲ''

မေသက်နိုင်း ချက်ချင်းမဖြေ။ အဖြေရခက်ခဲနေပုံလည်းပေါ်သည်။

''ပြောစမ်းပါဟယ် ညည်းငါ့ကိုမပြောလို့ ဘယ်သူ့ကိုပြောမှာလဲ''

နေမင်းနှင့်စကားများကြသလား။ စိတ်ဆိုးစိတ်ကောက်ကြတာလား။ ထို့ထက်အဆင့်ကျော်ကာ တွေးလျှင် အစော်ကားခံလိုက်ရလေသလား။

''ပြောလေ''

''နေမင်းနဲ့ယွန်း ချစ်သူတွေဖြစ်သွားကြပြီ''

ထိုစကားကြားခါစ ဒေါ်ချိုသက်နည်းနည်းတော့အံ့ဩသွားသည်။





ဘယ်လိုမှထင်မထားသည့်အကွက်၊ ဘာသတင်းအစအနမှတောင် မကြားရသည့် အဖြစ်။ ခုတော့ တစ်ယောက်ကိုစွန့်လျှက် တစ်ယောက်ကိုချစ်သွားကြပြီ။ သည် ခေတ်မှာ သည်လိုဟာမျိုး မဆန်းတော့တာ သူမသိပါသည်။

''ဒါလေးများ ဆန်းသလား''

''မာမီကြီးစကားကို မာမီကြီးမေ့သွားပြီပဲ''

''ဘာမှို့လို့လဲ''

''ယွန်းကိုအမြဲပြိုင်နေရမယ်ဆို ... ခု သူသမီးနေရာကိုလုယူသွား တာ သမီးမျှော်လင့်နေတဲ့အခွင့်အရေးတွေကိုဖြတ်ယူသွားတာ သမီး သူ့ကို ဘယ်လိုမှမကျေဘူး၊ အချစ်ထက် အခွင့်အလမ်းတွေကို လုယူသွားတာ မကျေနုပ်ဆုံးပဲ''

မေသက်နိုင်တာပြောတာလည်းမှန်နေပြန်သည်။ ထိုသို့ဆိုလျှင် သူမ သမီးအတွက် ဘာလုပ်ပေးရမည်လဲ။ ဘာလုပ်ပေးနိုင်မည်လဲ၊ မေသက်နိုင်မှာ တော့ အရင်ကလွယ်လွယ်သဘောပိုက်ခဲ့သော်လည်း ကြားလူဝင်လာသောအခါ မနာလိုဝန်တိုစိတ်တွေ တစ်ရစ်ပြီးတစ်ရစ် တိုးလာရသည်။ ယခုမှပို၍ အဖြစ် သည်းလာမိသည်။

သည်ကြားထဲတွင် လုပ်ဖော်ကိုင်ဘက်တချို့က သူတို့နှစ်ယောက်အား ဟိုနေရာသည်နေရာမျိုးတွင်တွေ့လာရသည်ဟုဆိုသောအခါ ဒေါသတွေအလိပ် လိုက် အလိပ်လိုက်တက်လာရ၏။

ခုတလော မေသက်နိုင်၏ပူပင်မှုစိတ်အစဉ်ကို ဒေါ်ချိုသက်မကြည့်ရက် ပါ။ နေမင်းကိုအပြစ်တင်ရမလား။ ယွန်းကိုပင်အပြစ်တင်ရမလား။

နေမင်းကို အပြစ်တင်သင့်သည်ဟုဆိုပါစို့ သူမတွင်ဘာပြောပိုင်ခွင့်ရှိ လဲ။ ဘာပတ်သက်မှုရှိသလဲ။ မတော် ပညာပြလိုက်လျှင် သူမကောင်းကောင်းခံ ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မဖြစ်နိုင်ပါ။

နောက် _ ယွန်းကိုအပြစ်တင်မည်ဆိုပါစို့။ သူနှစ်သက်၍ သူလက်ခံလိုက်သည်။ အဒေါ်က' _ အောဂျင်စီတွင်အရာရောက်သူ။ မိဘတွေချမ်းသာကြွယ်ဝသူတွေ။ ဘယ်လိုထိရမည်လဲ။ ခက်တော့ခက်နေပြီ။ မေသက်နိုင်ကိုကြည့်လေလေ၊ စိတ်မကောင်းလေလေ။ သူတို့နှစ်ယောက်လုံးကို မုန်းတီးလေလေပင်။

ထို့ကြောင့် ...

ခုတလော ဒေါ်ချိုသက်စိတ်တွေ လေးလံထိုင်းမှိုင်းနေတာ သေချာပါသည်။ အလုပ်တွေလုပ်ရာတွင် စိတ်မပါသလိုလို၊ တစ်စုံတစ်ရာကို မကျေနပ်သလိုလို၊ နေရထိုင်ရခက်နေသလိုလို။

ထိုပြဿနာကို တစ်ခုခုဆုံးဖြတ်ရန်တော့ လိုအပ်ပါလိမ့်မည်။

"ငါဘာလုပ်ရမလဲ"



## အမုန်းတရား၏ဖြစ်စဉ်

နေမင်း လက်ဖက်ရည်ဆိုင်ရှေ့ရှိ စားပွဲလေးတစ်လုံးတွင်ထိုင်ရင်း မေသက်နိုင်တိုက်ခန်းသို့ မကြာခဏလှမ်းကြည့်ရင်း ချီတုံချတုံဖြစ်နေသည်။ အခု မေသက်နိုင်နှင့်အဆက်ပြတ်နေခဲ့သည်မှာ တစ်လနီးပါးခန့်ရှိပြီ။ လူချင်းလည်းမတွေ့။ ဖုန်းဖြင့်လည်း အဆက်အသွယ်မလုပ်။ မာနများအားပြိုင်နေကြသည်လားတော့မပြောတတ်ပါ။

ယင်းအတောအတွင်း သူ ယွန်းနှင့် (၅)ကြိမ်တိတိဆုံခဲ့သည်။ တစ်တက်ခန်းရှိ ပရိဘောဂများသယ်ယူသောနေ့ကဆိုလျှင် ယွန်း၏အိမ်သို့ပင် ရောက်သွားခဲ့ဖူးသည်။ ယွန်းက မရမကခေါ်သောကြောင့်လည်းဖြစ်သည်။

ယွန်းအိမ်မှာ ဆိတ်ငြိမ်ရပ်ကွက်တွင်ရှိသလို ဗိသုကာလက်ရာကောင်းကောင်းနှင့်ဆောက်ထားသောအိမ်လည်းဖြစ်ပါသည်။ သူရောက်စဉ်က လူကြီးများ မရှိကြ။ ခြံအလုပ်သမားများနှင့်အိမ်ဖော်များသာရှိသည်၊ ထို့ကြောင့် သူနေအထိုင်မကျဉ်းကြပ်တော့။ ယွန်းက ထမင်းပါစားသွားရမည်ဆိုသောကြောင့် သူအတန်တန်ငြင်းသည့်ကြားကပင် ရှုံးနိမ့်ခဲ့ရပါသည်။ စားသောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် ယွန်းက သူရိုက်ကူးထားသော အလှပုံများကိုထုတ်ပြသည်။ ဓာတ်ပုံရိုက်သူကတော်၊ ကင်မရာကကောင်း၊ ကိုယ်ဟန်ပြသူကလည်း စိတ်ဝင်စားဖွယ် အနေအထိုင်တတ်မှုများကြောင့် ပုံတွေက ဖွဲမက်စရာတွေဖြစ်နေခဲ့၏။

"ကိုနေမင်းမှာ ကင်မရာရှိလား"

"ရှိတော့ရှိတယ် ဒါပေမယ့် ဓာတ်ပုံပညာရှင်မဟုတ်တော့ အပျော်တမ်းဝါသနာရှင်အဆင့်လောက်ပဲ"

"အို ... ဘာပဲဖြစ်ဖြစ် တချို့ညှိခံပွဲတွေမှာတော့ လိုက်ရိုက်ပေးရမှာပေါ့"

နောက်တစ်ကြိမ် ရှောပင်ထွက်တော့လည်း သူ့ကိုခေါ်ပြန်သေးသည်။ နောက်တစ်ကြိမ် မရည်ရွယ်ဘဲနှင့်ရုပ်ရှင်အတူတူကြည့်ဖြစ်ကြခြင်းဖြစ်ပြီး နောက်နှစ်ကြိမ်က မြို့ထဲတွင်ညစာထွက်စားခြင်းများတို့သာဖြစ်၏။

နှစ်ဦးစလုံးဆက်ဆံရေးမှာ ပွင့်ပွင့်လင်းလင်းနှင့် ရင်းရင်းနှီးနှီးသာဖြစ်သည်။ သူ့ဘက်က ချစ်စကားတစ်ခွန်းမှမဟရသေး။ ရင်ထဲမှာတော့ ယွန်းအပေါ်မေတ္တာသက်ဝင်နေမိသွားသည်မှာ သေချာပါသည်။ ယွန်းနှင့်နေရတာပျော်သည်။ ကြည်နူးဖွယ်ရာများနှင့်ပြည့်နှက်နေသည်။ မေသက်ခိုင်နှင့်နှိုင်းယှဉ်ကြည့်တော့ အတိုင်းအဆတော်တော်ကွာသည်။

သူ ယွန်းကိုရင်ဖွင့်ချင်သည်။ အချစ်တွေကိုတောင်းခံချင်သည်။ သို့သော် မေသက်ခိုင်နှင့်ကိစ္စမပြီးပြတ်သေး။ တို့နှစ်ယောက် လမ်းခွဲကြရအောင်ဆိုသော စကားလေးတစ်ခွန်းကိုတော့ ပြတ်ပြတ်သားသားပြောသင့်သည်ဟု သူ ထင်သည်။

သူမ ဘာတွေပြောပြော။

သူမ ဘာတွေစွပ်စွဲစွပ်စွဲ။

သူ့အနေနှင့် ဘာမှစိတ်ခံစားမှုရှိနိုင်တော့မှာမဟုတ်ဟုထင်သည်။





ထို့ကြောင့် သူဆုံးဖြတ်ချက်ချလိုက်ခြင်းသာဖြစ်ပါ၏။

ယနေ့တော့ သူသည်နေရာလေးကိုရောက်လာပေပြီ။ ဖြုန်းခနဲ တိုက်ပေါ်တက်ရမှာ ဝန်လေးနေသဖြင့် အိမ်ရာနံဘေးရှိလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်နေခြင်းဖြစ်၏။ ပထမတော့ မေသက်ခိုင်ဒေါသတွေကို ရင်မဆိုင်ချင်သေးသဖြင့် ပြန်လှျင်ကောင်းမည်လားဟု စိတ်ကူးလိုက်သေးသည်။

သို့သော် ယခုမရှင်းလျှင်နောင်ရှင်းရဦးမည်သာဖြစ်သည်။ သူတို့နှစ်ယောက်က အေဂျင်စီတစ်ခုထဲတွင် အလုပ်လုပ်နေကြသူတွေ၊ ပြဿနာတစ်ခုမဟုတ်တစ်ခုဖြစ်လာနိုင်သည်။

"မထူးပါဘူးကွာ ဒီနေ့ပဲအပြတ်ရှင်းမယ်"

သူလက်ဖက်ရည်ဖိုးရှင်းကာ တိုက်ခန်းတွေဘက်ထွက်လာခဲ့၏။ ယင်းနောက်လှေကားထစ်အတိုင်းတက်လာခဲ့သည်။ မေသက်ခိုင်နေသော အလွှာသို့အရောက် သံတံခါးပိတ်ထားသော်လည်း သစ်သားတံခါးက မသိမသာလေး ဇေ့ဟဟဖြစ်နေတာတွေ့သည်။

ထို့မျှမကသေး။

အတွင်းပိုင်းမှစကားသံတိုးတိုးသဲ့သဲ့ကိုလည်းကြားနေရသည်။ ထိုသို့ဆိုလျှင် မေသက်ခိုင်တစ်ဦးတည်း မဖြစ်နိုင်တော့။ အနည်းဆုံး နှစ်ယောက်တော့ ဖြစ်နိုင်သည်။

ထို့ကြောင့် သူ့တံခါးနားအသာကပ်ကာ နားစွင့်လိုက်သည်။ သူ အသံကိုမှတ်မိသွားပြီ။ ဒါ ... ဒေါ်ချိုသက်အသံ။

ဒေါ်ချိုသက် အခန်းထဲရောက်နေသည်မှာတော့ သေချာသွားပြီ၊ သူတို့ဘာတွေပြောနေကြတာလဲ။ ထပ်မံအသံနားစွင့်လိုက်ပြန်သည်။

"ခုတလော ညည်းနဲ့ယွန်း၊ ဆက်ဆံရေးက ဘယ်လိုလဲ"

"အစကတည်းက ခပ်တန်းတန်းနေခဲ့တာပဲ ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်ထိ ဟိုကောင်ကို ညည်းရင်ထဲမှာထားနေသေးလား"

"အစကတည်းက မာမီကြီးကိုပြောခဲ့တာပဲ၊ သူ့ကိုအသုံးချဖို့ သက်သက်ပါလို့"

"မဖြစ်နိုင်ဘူး"

"ဘယ်လို"

"ညည်းလျှောက်ချင်တဲ့လမ်းကို ငါ့အဆက်အသွယ်၊ ငါ့ချမ်းသာမှုတွေနဲ့ လုပ်ပေးလို့ရတယ်လို့ ညည်းကိုဘယ်နှစ်ခါပြောရမလဲ၊ ဒါတောင် ညည်းက တမှိုင်မှိုင်တတွေတွေဖြစ်နေရသေးသလား"

"ဟိုကောင်မကိုမကျေနပ်လို့"

"မကျေနပ်တော့ ဘာလုပ်ချင်သေးလို့လဲ"

"သတ်ချင်တယ်"

"ညည်းရူးနေပြီ"

"ဟုတ်တယ် သမီးရူးနေပြီ၊ မာမိပြောသလို သူဟာသမီးပြိုင်ဘက်၊ ပြိုင်ဘက်ကိုအရှုံးပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကြည့်နေ သမီးဘယ်တော့မှ အရှုံးမပေးဘူး"

သူတို့၏အမုန်းတရားတွေက ကြီးမားလှပါလားဟုသူတွေးသည်။ လေသံကပြင်းထန်လွန်းသောကြောင့် လန့်လည်းလန့်သွားမိသည်။ သူတို့ ယွန်းကို ဘယ်အတိုင်းအတာထိ ဒုက္ခပေးကြမှာပါလိမ့်။ ဘယ်လိုတွေ အကြံအစည် ထုတ်ကြမှာပါလိမ့်။

အနည်းဆုံးတော့ သူတို့ယွန်းကိုနာကြင်အောင် ဆုံးရှုံးအောင် ကြံကွဲစေအောင်ပြုလုပ်ကြတော့မှာသေချာသည်။ မိန်းမတွေ၏ အကောက်ဉာဏ်သည် ကြောက်စရာအကောင်းဆုံး၊ အညစ်ပတ်ဆုံး။ အောက်ထပ်ဆီမှ လူတစ်ယောက် တက်လာသောကြောင့် သူချောင်း၍ ဆက်နားမထောင်လိုတော့ပါ။ ယောက်ျား





တန်မဲ့ ချောင်းနားထောင်သော အပြုအမူ ဘယ်လောက်ရိုင်းပျကြောင်းလည်း သိပါသည်။

သူ ကုန်းမြေမပျက်အောက်သို့ဆင်းလာခဲ့သည်။ တက်လာသူနှင့်ရှောင်တော့ သူ့ကိုမသက်သာလိုကြည့်သွားသေးသည်။ ဘာတတ်နိုင်မှာလဲ။

ယခင်က မေသက်နိုင်အပေါ်ထားခဲ့သော သံယောဇဉ်ခပ်ပါးပါးလေးမှာ အခုတော့အနက်ရောင်ဆေးခြယ်လျက် မြင်သာထင်သာအောင် တစ်နေရာတွင် တလှုလှုလွင့်ပြနေပါရော့လား။

ယခုအတိုင်းဆိုလျှင် ယွန်းအတွက်သတိထားဖို့တော့လိုပြီ။ ယွန်းကိုလည်းသတိပေးရဦးမည်။ အစက ရည်ရွယ်လာခဲ့သည့် စကားတွေလည်း ဘယ်ရောက်ကုန်မှန်းမသိတော့။ သူ တိုက်အောက်ရောက်တော့မှ လေကို တဝကြီးရှူမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အနှူးရာယ်ကိုသတိပေးခဲ့သူ

သူ ယွန်းဆီဖုန်းဆက်မည်ပြုတော့ စတိုးဆိုင်ကောင်မလေးက ...

"မနက်ပိုင်းဖုန်းတစ်ကောဝင်တယ်၊ ယွန်းတဲ့ အစ်ကိုရောက်ရောက်ချင်း သူ့ဆီဖုန်းဆက်ပါတဲ့"

ထိုစကားကြောင့် သူချက်ချင်းပင် ဖုန်းခလုတ်လေးကိုကောက်နှိပ်လိုက်သည်။ ခဏတွင်းပင် လိုင်းဝင်သွားပါသည်။

"ယွန်း"

"ကိုနေမင်းလား"

"ယွန်း ... တို့ဆီဖုန်းဆက်တယ်ဆို"

"ဟုတ်တယ် ကိစ္စလေးရှိလို့"

"ဆို ... "

" ဒီကနေ့ ညနေသုံးနာရီလောက်အားလား"

"ဘာဖြစ်လို့လဲ"

"အားသလား မအားသလားသာအရင်ပြောပါ"

"ယွန်းအတွက်ဆို တို့အမြဲအားပေးရမှာပေါ့"





"ဒါဆို ယွန်းဆီလာနိုင်မလား"

"ဘယ်ကိုလာရမှာလဲ"

"အိမ်ကိုမဟုတ်ဘူး ... စင်တာကို"

"ဘာအကြောင်းရှိလို့လဲ"

"အလှကုန်မိတ်ဆက်ပွဲမှာ SHOW လျှောက်ရမယ်"

"ပေါက်ပြီ ပေါက်ပြီ"

"ကိုနေမင်းကင်မရာလည်းယူလာခဲ့ဦး"

"ကောင်းပြီ"

"ဒါပဲနော်"

"အင်း"

သူ ဖုန်းခွက်ကိုချလိုက်သည်။ လက်ပတ်နာရီကိုငုံ့ကြည့်လိုက်တော့ နေ့လယ် ၁၂ နာရီကျော်သာရှိသေးသည်။ သူကလည်း ယွန်းကိုတွေ့ချင်နေသူ။ ခုတော့ ဒေါ်ချိုသက်အကြောင်းကို သည်ကနေ့ပွဲပြီးမှပဲ အေးအေးဆေးဆေးပြောမည်ဟု စိတ်ကူးလိုက်၏။

နွေအလွန် မိုးဦးအစကိုချဉ်းကပ်လာသည့်တိုင် တစ်ကြိမ်တစ်ခါမှ မိုးမရွာသေးသောကြောင့် ပူအိုက်မှုကတော့ အညှိုးမပြေသေးပါ။ သူ ရင်ထဲတွင် ပူနေသောကြောင့် တိုက်ခန်းသို့ပင်မတက်သေးဘဲ အအေးဆိုင်ဘက်ထွက်ခဲ့သည်။

"အစ်ကို ဘာသောက်မလဲ"

ခုံတွင်ထိုင်ထိုင်ချင်း စားပွဲထိုးလေးက ဆီးမေးသည်။

"စတော်ဘယ်ရီတစ်ခွက်ပေးကွာ"

သူ စတော်ဘယ်ရီမှာပြီး အပြင်သို့ငေးမောနေမိသည်။ ခေါင်းထဲဝင်လာသည့် အတွေးပုံရိပ်တွေက တစ်ခုပြီးတစ်ခု ...



www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်တစ်နေရာ ရုပ်ရှင်ရုံမှ ကြည့်ခဲ့ရသော ရုပ်ရှင်ဇာတ်လမ်း။

ရင်ခုန်မှုတွေမပါဘဲ ဆုံတွေ့ခဲ့ရသော သူနှင့်မေသက်ခိုင်။

ညနေခံပွဲတစ်ခုတွင် မမျှော်လင့်ဘဲတွေ့ခဲ့ရသည့် ယွန်း။

ထိုညနေခံပွဲမှာပင် ချက်ချင်းလက်ငင်း သိကျွမ်းခဲ့ရသည့်အဖြစ်။

လွမ်းမောစရာဇာတ်လမ်းများနှင့် အဆုံးသတ်သွားရှာသော အန်တီဒေါ်ထားထား။

ထိုအန်တီကြီးနှင့် ပတ်သက်နေသော ယွန်း။

အမှတ်မထင်ဖြစ်ခဲ့ရသော မြင်ကွင်းအတွက် အာဃာတများထားလာသည့် မေသက်ခိုင်။

ယွန်းအပေါ် အမုန်းကြီးမုန်းနေကြသော မေသက်ခိုင်နှင့်ဒေါ်ချိုသက်။

"ဟူး"

သူ သက်ပြင်းချရုံကလွဲလျှင် ခေါင်းထဲတွင် ဘာအကြံဉာဏ်မှ ထွက်မလာခဲ့ပါ။ မည်သို့ပင်ဖြစ်စေ သူ ယွန်းအပေါ် နှစ်သက်မြတ်နိုးနေမိသည်မှာတော့ ငြင်းစရာမရှိ။

"လူလေး"

သူ့ရှေ့တွက်ခြေစုံလာရပ်သောလူတစ်ယောက်။ ဖျတ်ခနဲမော့ကြည့်တော့ ဝတ်ဖြူစင်ကြယ်အဘိုးအိုတစ်ဦး။ မျက်ခုံးမွေးဖြူဖြူတွေနှင့် မုတ်ဆိတ်မွေးဖြူဖြူဖွေးက လိုအပ်တာထက်ပို၍ ရှည်လျားနေသည်။ လည်ပင်းတွင် ပုတီးကြီးတစ်ကုံးကို ဆွဲထားသလို၊ ပခုံးထက်တွင်လည်း ခပ်ညစ်ညစ်လွယ်အိတ်တစ်လုံး လွယ်ထားသည်။

ရန်ကုန်မြို့တွင် သည်လိုဝတ်စားဆင်ယင်ပုံမျိုးနှင့် လိုက်လံအလှူခံနေကြသူများရှိတတ်သည်မို့ သူ့အတွက်အဆန်းမဟုတ်တော့။ တချို့ဝတ်စားဆင်ယင်ပုံ အမျိုးမျိုးအထွေထွေ။





ထို့ကြောင့် သူအိတ်ကပ်အတွင်းမှ ပိုက်ဆံတစ်ရာတန်တစ်ရွက်ကို ထုတ်ကာ ရိုရိုသေသေကမ်းပေးတော့ –

"အဘက အလှူခံမဟုတ်ပါဘူး"

"ခင်ဗျာ"

"လူလေးကို ပြောစရာနည်းနည်းရှိလို့ ခဏလောက်ထိုင်ခွင့်ပြုပါ"

သူ နည်းနည်းစိတ်ညစ်သွားသည်။ ယခုလိုအချိန်မျိုးတွင် သူ မည်သူနှင့်မှစကားမပြောနိုင်ပါ။ ပြောလိုစိတ်လည်းမရှိပါ။ တစ်ယောက်တည်းထိုင်ကာ တွေးမိတွေးရာတွေးနေချင်သည်။

"လူလေးစိတ်ညစ်နေတယ်ဆိုတာ အဘသိပါတယ်၊ အခုပြောမှာလည်း အဲဒီစိတ်ညစ်တာနဲ့သက်ဆိုင်ပါတယ်"

အဘိုးအိုက ထိုသို့ပြောလာသောအခါ သူ့အတော်ပင်အားနာ သွားရ၏။ ငြင်းလိုက်ပြန်လျှင်လည်း ရိုင်းရာကျပေဦးမည်။

"ထိုင်ပါ"

အဘိုးအိုက ငြင်ငြင်သာသာဝင်ထိုင်လိုက်စဉ် စတော်ဘယ်ရီခွက်ချလာသောကြောင့် သူမနေသာတော့ဘဲ –

"အဘ ... အအေးတစ်ခုခုသောက်ပါ"

"နေပါစေ လူလေး။ အဘရင်မှာ ပူလောင်တယ်ဆိုတာ ဘာမှမရှိပါဘူး"

ထိုစကားက နည်းနည်းတော့ဆန်းနေသည်။ အသစ်အဆန်းတွင်ခြင်းတော့ဖြစ်နိုင်မည်မထင်။

"အဘ ကျွန်တော့်ကိုဘာပြောစရာရှိလဲ"

အဘိုးအိုက သူ့ကိုစူးစူးစိုက်စိုက်ကြည့်သည်။ သူ့အကြည့်ထဲတွင် ကရုဏာသက်ခြင်း၊ ကိုယ်ချင်းစာချင်း၊ စေတနာထားခြင်း၊ မေတ္တာတရား



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းတို့နှင့် ပြည့်နေသည်ဟုထင်သည်။

"အခု နာရီပိုင်းအတွင်း လူလေးအန္တရာယ်တစ်ခုနဲ့ကြုံမယ်"

"ခင်ဗျာ"

"ဒါပေမယ့် လူလေးအတွက်တော့ စိုးရိမ်စရာမရှိပါဘူး။ သတိတရား မလွှတ်စေချင်တာပါပဲ"

အဘိုးအိုစကားက စဉ်းစားစရာဖြစ်လာပြီ။

"ဘယ်လိုအန္တရာယ်မျိုးလဲ"

"အတတ်ပြောလို့မဖြစ်နိုင်ဘူး"

မြို့ကြီးပြကြီးလိုနေရာမျိုးတွင် သည်လိုစကားလုံးမျိုးတွေသုံးကာ အလိမ်အညာတစ်ခုကိုပြုလုပ်ကြတာ မကြာခဏဆိုသလိုကြားနေရ၏။ ကိုယ်တိုင်တော့ မကြုံဖူး။ ခုတော့ ကိုယ်တွေ့ကြုံရတော့မည်ထင်၏။ သူပြောသလိုပင် သတိနှင့်နေရုံသာရှိတော့သည်။

"နောက်ပြီး လူလေးဟာ လူ့ဝင်စားတစ်ယောက်"

သူ့အနည်းငယ်တွေတွေဝေဝေဖြစ်သွားသည်။ သူကိုယ်သူလည်း သံသယဖြစ်နေသောကြောင့်။

"ဘယ်သူ့ဝင်စားတာလဲ"

"ကိုရီးယားရှေးခေတ် နန်းတွင်းကအိမ်ရှေ့စံမင်းသားလေး ကင်ပြွန်းဝင်စားကတာ"

"ဟင်"

သည်တစ်ခါတော့ သူလှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည်။ နာမည်အတိအကျပြောလာမှု။ အိမ်ရှေ့စံဆိုသော အသုံးနှုန်းကိုသုံးစွဲလာမှု။ ထိုအရာတွေက တိုက်ဆိုင်မှုတော့မဖြစ်နိုင်ပါ။

"နောက်ထပ် လူ့ဝင်စားသုံးယောက်ဟာလည်း အခုလက်ရှိမှာမင်းနဲ့





ဆက်နွယ်နေမှုဟာ ရှေ့ဘဝကပြုခဲ့တဲ့ကံအကြောင်းတရားတွေပဲပေါ့"

အဘိုးအိုစကားတွေက စိတ်လှုပ်ရှားမှုတွေကို ပေးသထက်ပေးလာနေလေပြီ။

"သူ ... သူ ... သူ တို့ကဘယ်သူတွေလဲ အဘိုး"

"ကခြေသည်မလေး ကင်ယွန်ကျို၊ နည်းပြဆရာမကြီး ဂျန်ဂျိဝမ်နဲ့ ပုံခေါက်ကောင်မလေး လီမင်ချူးတို့ပဲ"

ကြည့်စမ်း ... ။

ကြည့်စမ်း ... ။

သူကြည့်ခဲ့ရသည့် ရုပ်ရှင်ထဲကဇာတ်ကောင်နာမည်တွေ။ တစ်ထပ်တည်း။ သည်ကြားထဲ ညှော်ခံပွဲတွင် အစီအစဉ်ကြေညာသူကလည်း သည်နာမည် တွေကိုထည့်ပြောသွားသည်မဟုတ်ပါလား။

နောက်ထပ် သူမေးချင်သည့်မေးခွန်းတစ်ခုကို မေးမည်အပြု။

"အဘကိုခွင့်ပြုဦး"

"ခဏလေး ... အဘ"

"ဒီလောက်ဆိုတော်လောက်ပါပြီ၊ အဘဆက်ပြောစရာစကားလည်း မရှိတော့ဘူး၊ ဒါတော့ လူလေးသည်းခံလိုက်ပါ"

ပြောပြောဆိုဆိုပင် အဘိုးအိုမှာ နေကျဲကျဲပူနေသော လမ်းပေါ်သို့ ထွက်သွားလေသည်။

"ဟင် ... ဖိနပ်လည်းမပါဘူး"

ထီးလည်းမပါ၊ ဖိနပ်လည်းမပါဘဲ သည်လောက်ခြစ်ခြစ်တောက်နေသည့် ကွန်ကရစ်လမ်းပေါ်တွင် သက်သောင့်သက်သာလျှောက်နေပုံက ထူးခြားလွန်းနေသည်။

"အဘရင်မှာပူလောင်တာဆိုလို့ ဘာမှမရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စောစောကအဘိုးအိုပြောသွားသည့်စကား။ ‌‌‌‌‌‌ အဘမှာပူလောင်ခြင်း မရှိတော့တာမှန်ပါလိမ့်မည်။ အခုပဲကြည့်ဦးလေ အဘမှာဘာမှမဖြစ်သလို။ အဘိုးအိုမှာ ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲ။ ဘိုးတော်လား၊ တရားကျင့်ကြံနေသည့် သူတော်စင်လား။

ထို့နောက် လမ်းချိုးလေးတစ်ခုကို ချိုးကွေ့ဝင်ကာ ပျောက်ကွယ် သွားပါသည်။

''အခုနာရီပိုင်းအတွင်း လူလေးအန္တရာယ်တစ်ခုနဲ့ကြုံမယ်''

''ဒါပေမယ့် လူလေးအတွက်တော့ စိုးရိမ်စရာမရှိပါဘူး၊ သတိမလွတ် စေချင်တာပါပဲ''

အခု ... နာရီပိုင်းအတွင်း ... ။

အခု ... နာရီပိုင်းအတွင်း ... ။

ဘာအန္တရာယ်လဲ၊ ဘယ်လိုတွေဖြစ်လာမှာလဲ။သေရောသေချာရဲ့လား။ ဥပဒါန်မစွဲကောင်းတာတော့ သူနားလည်ထားပါသည်။

''အား ... စိတ်ရှုပ်တယ်၊ ဘာမှမစဉ်းစားချင်ဘူး''

ထို့နောက် ... သူတိုက်ပေါ်သို့တက်လာခဲ့သည်။ ခြေပစ်လက်ပစ် အနားယူလိုက်ပြီးနောက် သူ ရေမိုးချိုးလိုက်သည်။

သူသည်ပွဲကို စောစောသွားချင်နေသည်။ ယွန်းများတစ်ခုခုဖြစ်လေ မလားဆိုသည့် စိတ်ကလည်း ကိန်းဝပ်နေသည်မို့ အဝတ်အစားလဲကာ ယွန်း ပြောသည့်စင်တာသို့ ကင်မရာယူလျက် ထွက်လာခဲ့သည်။

သူဟိုရောက်တော့ စောလွန်းနေပါသေးသည်။ ခန်းမတွင်းဝင်ကြည့် တော့ လူအချို့သာရောက်နေတာတွေ့သည်။ စတိတ်စင်ပေါ်တွင် နတ်ခမ်းနီနှင့် မိတ်ကပ်ကြော်ငြာကိုတွေ့ရပြီး ရောင်စုံစလိုက်များက မြူးကြွသွက်လက်စွာ လှုပ်ရှားနေသည်။





သူမျက်လုံးလေးဝေ့ဝဲကာ ခန်းမအတွင်းတွင်း ယွန်းကိုရှာရသေးသည်။ မတွေ့။ ထို့ကြောင့် ကားပါကင်နှင့်နီးရာ အအေးဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ကာ စောင့်နေလိုက်သည်။

ကားတွေတစ်စီးပြီးတစ်စီး ဝင်လာနေတာတွေ့သည်။ တဖြည်းဖြည်း နှင့်တော့ ဧည့်သည်တွေများလာသည်။

(၃)နာရီထိုးခါနီးလောက်တွင် ယွန်းကိုယ်တိုင်မောင်းလာသောကားကို တွေ့လိုက်ရသောကြောင့် သူပျော်သွားပြီး ဆိုင်ထဲကထွက်လာလိုက်သည်။ ယွန်းကကားပါကင်တွင် ကားကိုစည်းကမ်းတကျ ရပ်ကာဆင်းလာသည်။

အို _ တော်တော်လေးလှသည့်ယွန်း။

အဖြူရောင်အပျော့သားဝတ်စုံလေးကိုဝတ်ထားသည့်ယွန်း။

လက်ထဲတွင် အနီရဲရဲနှင်းဆီတွေကိုလည်း ကိုင်ထားသေးသည်။

ဂျီဒီဖော်စတာ၏ဟန်ပန်မျိုးရှိနေသော သည်မြင်ကွင်းကို သူ လက်လွှတ်မခံနိုင်ပါ။ အဆုံးရှုံးမခံနိုင်ပါ။ ထို့ကြောင့် ကင်မရာကို အလျင်အမြန် ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## မိဿနှလုံးသား

ဒေါ်ချိုသက် ဒေါသဖြစ်လွန်းသဖြင့် အသားတွေတဆတ်ဆတ်တုန်နေသည်။ စင်တာအတွင်းသို့ ခပ်သွက်သွက်လျှောက်သည်။ သူမနောက်မှ တကောက်ကောက်လိုက်လာသူမှာ မေသက်နိုင်။

"ဟင် ... ဒေါ်ချိုသက်"

ဒေါ်ချိုသက် မျက်နှာမာထန်နေမှုကြောင့် မန်နေဂျာစိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"ကျွန်မ ဘာလုပ်လို့လဲ"

"ဒီပွဲမှာ ယွန်းတစ်ယောက်ထဲထည့်တာ"

"သူတို့က ယွန်းကိုပဲဖိတ်ခဲ့တာ"

"ရှင် ကျွန်မကို ဘာလို့အသိမပေးရတာလဲ"

"ဒါဟာ _ ကျွန်မနဲ့ပဲဆိုင်တဲ့အလုပ်လေ၊ ဒီလိုအသေးအဖွဲ့မျိုးလေးကို ရှင့်ဆီအသိပေးစရာမလိုဘူးထင်လို့ပါ"

"ဒီအေဂျင်စီကို ဘယ်သူထောင်ထားတာလဲ"





"ရှင် ... ပိုင်ရှင်ဆိုတာ အားလုံးသိတယ်"

"ပိုင်ရှင်ဆိုတာလည်း အားလုံးကိုသိခွင့်ရှိတယ်၊ အသေးအဖွဲ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ်"

"ဒီလို မတွေးခဲ့မိတာ ကျွန်ကအမှားပဲ"

"ဟုတ်တယ် ... မှားတယ် ... အကြီးအကျယ်မှားတယ်"

"ဒါဆို ကျွန်မဘာက်ကဘာလုပ်ပေးရမလဲ"

"ရှင် ... အခုချိန်ကစပြီးအလုပ်ထွက်လိုက်တော့"

မန်နေဂျာ အံ့သြသွားသည်။ ဒေါ်ချိုသက် ချာခနဲလှည့်ထွက်လာခဲ့သည်။ မေသက်နိုင်ကိုကျော်လွန်ကာ ယွန်းအားနေရာပေးခံရခြင်းအတွက်တော့ နည်း နည်းလေးမှ မကျေနပ်နိုင်။ ခွင့်မလွှတ်နိုင်။

သူမစိတ်တွေ အသိတရားနှင့် ကင်းကွာလိုက်၊ ပူးကပ်လာလိုက်၊ ခဲသွားလိုက်၊ နီးလာလိုက်၊ မျက်လုံးတွေက မီးဝင်းဝင်းတောက်နေသည်။

ဒေါ်ချိုသက် ကားပေါ် ခပ်ကြမ်းကြမ်းလေး တက်လိုက်သည်။

"ဘယ်သွားမလဲ မာမီ"

"ပြန်မယ်"

မေသက်နိုင်က မောင်းသူနေရာတွင် ဝင်ထိုင်လိုက်ကာ ဒေါ်ချိုသက်က သူမဘေးတွင်ဝင်ထိုင်သည်။ ထို့နောက် ကားကိုမောင်းထွက်လာခဲ့သည်။

"ဝူး"

"ဟိုမှာ ... ယွန်း မာမီ"

ကားပေါ်မှ ဆင်းလာသည့်ယွန်း။ အဖြူရောင် ဝတ်စုံဝလေးနှင့်ယွန်း။ နှင်းဆီပန်းနီနီရဲရဲလေးများ ကိုင်ဆောင်ထားသည့်ယွန်း။

"ဆက်မောင်း ... ဆက်မောင်း ... အရှိန်မလျှော့နဲ့"

ဒေါ်ချိုသက်က အံကိုတင်းတင်းကြိတ်ကာ ပြောသည်။ မေသက်နိုင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း အမိန့်ကိုလိုက်နာဖို့ အသင့်ရှိနေသော ကိုယ်ရံတော်တစ်ဦးလို။ အနားရောက်သည့်အခါ စီယာတိုင်ကို ဒေါ်ချိုသက်က ဆွဲလှည့်လိုက်သည်။

"အား"

"ဝုန်း"

အဖြစ်ပျက်က မယုံကြည်နိုင်စရာ။

ပထမ ယွန်းကိုဝင်တိုက်သည်။

ဒုတိယ အရှိန်ကိုမြှင့်တင်လျက် ဆက်၍မောင်းပြေးသည်။ ဝင်လာသောကားတစ်စီးဝင်တိုက်ပြန်သည်။

"ဆက်မောင်း ... ဆက်မောင်း"

သူတို့နှစ်ယောက်စလုံး သရဲတစ္ဆေများဝင်ရောက်နေသလိုပင်။ အရှိန်ကိုထပ်မြှင့်သည်။ စင်တာအထွက် အချိုးအကွေ့အရှိန်မထိန်းနိုင်တော့ပဲ ဆယ်ဘီးကားကြီးတစ်စင်းရှေ့သို့ စင်းစင်းကြီးရောက်သွားတော့၏။

"ဒုန်း"

အဖြစ်အပျက်များက တကယ်ကိုမြန်ဆန်လွန်းလှသဖြင့် လူတွေမှင်တက်မိကုန်ကြသည်။ နေမင်းမှာထိတ်လန့်တုန်လှုပ်စွာဖြင့် လက်ထဲမှကင်မရာလွတ်ကျသွားလေသည်။



## နေမင်း၏ဓာတ်သိမ်း

ရုပ်ရှင်ထုတ်လုပ်သူအမျိုးသမီးက နေမင်းပြောသမျှကိုစိတ်ဝင်တစားနားထောင်နေသည်။ ယွန်းကနေမင်းအနားတွင်ရှိနေသည်။

"ဆက်ပြောပါဦး ယွန်းက ဘာဖြစ်သွားသေးလဲ"

"ခြေထောက်ကိုအတိုက်ခံရတာ ပြုန်းခနဲဆိုတော့ ကျွန်တော် ကြောင်သွားပြီးပြေးထူ၊ သူကတော့သတိလစ်နေပါပြီ။ ကျွန်တော်သွေးတွေဆူပွက်လာပြီး ဆေးရုံပို့ဖို့ကြုံရာကားကို အကူအညီတောင်းရတော့တာပေါ့"

"ဟိုနှစ်ယောက်ကရော"

"နေရာမှာတင်ပွဲချင်းပြီးပဲ"

"သူတို့ဘယ်လိုဖြစ်သွားကြတာလဲ"

"ခုချိန်ထိ ကျွန်တော်မစဉ်းစားတတ်ဘူး။ သာမန်ဆို ဘယ်သူက ဝင်တိုက်ရဲမှာလဲ၊ သူတို့လူစိတ်ကင်းသွားကြတာဖြစ်မယ်"

"အင်း ... တစ်ဘက်သားအပေါ် စိတ်ကောင်းမမွေးနိုင်ရင် ကိုယ်ပဲခံရတယ်ဆိုတာ သက်သေပါပဲ"

"ခုရက်တွေမှာ ကျွန်တော့်အဖြစ်အပျက်တွေက ဆန်းတယ်၊ တစ်ခု



www.burmeseclassic.com

ပြီးတစ်ခု ကြုံရတယ်၊ အဲဒါကြောင့် ဇာတ်လမ်းကိုမအပ်နိုင်သေးတာ ခွင့်လွှတ်ပါ''

''ခွင့်မလွှတ်ဘူး''

''ခင်ဗျာ''

''အခု ကိုနေမင်းကြုံခဲ့ရတာ ဇာတ်လမ်းကောင်းလေးပဲလေ၊ တချို့နေရာလေးတွေ နည်းနည်းပါးပါးပြင်လိုက်ရုံပဲ၊ အဲဒီဇာတ်လေးကို ကျွန်မတို့ကိုမပေးနိုင်ဘူးဆိုရင် ခွင့်မလွှတ်ဘူးလို့ပြောတာ''

''ကြိုက်လို့လား''

''ကြိုက်တယ်''

''ကျွန်တော်က ကိစ္စမရှိပါဘူး၊ ယွန်းကခွင့်ပြုပါ့မလား''

နေမင်းက ယွန်းဘက်လှည့်ကာပြောသည်။

''ဘယ်လိုလဲ ယွန်းဘက်ကရော''

ထုတ်လုပ်သူက ယွန်းအား တလေးတစားမေးရှာပါသည်။ ယွန်းက ယဲ့ယဲ့လေးပြုံးကာ ...

''ဘာမှခွင့်မပြုစရာအကြောင်းမရှိပါဘူး။ ကိုနေမင်းကောင်းသလိုသာ ကြည့်ရေးပါ''

''ယွန်သာခွင့်ပြုရင် ယွန်းနေရာမှာ ယွန်းပဲသရုပ်ဆောင်''

''ရှင်''

''တကယ်ပြောတာ၊ ကျွန်မကတော့ ယွန်းသရုပ်ဆောင်ကောင်း တကယ်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်တယ်''

နေမင်းက ယွန်းကိုရွှန်းရွှန်းစားလေးကြည့်ရင်း ...

''ဒါ ... ယွန်းလျှောက်ချင်တဲ့လမ်းမဟုတ်လား၊ အခုဟာက အခွင့်အလမ်းပေါ်လာတာ၊ သတ္တိရှိရှိလျှောက်ကြည့်ဖို့တော့လိုမယ်''





ယွန်းကရယ်မောလျှက် ...

''အင်းလေ ... အားလုံးက လိုလိုလားလားပြောနေကြမှတော့ ကြိုးစားကြည့်ရမှာပေါ့နော်''

''ဇာတ်ကိုမြန်မြန်လေးရေးနော် ကိုနေမင်း။ မင်းသားရိုက်ရက်လေး ရတုန်း''

''ခုဟာက ဘာကုန်ကြမ်းမှရှာစရာမလိုတော့တာ၊ တစ်ခါတည်း တန်းရေးရုံပဲ၊ စိတ်ချတစ်ပတ်ပဲစောင့်''

''ဒါဆို ဒါရိုက်တာနဲ့တိုင်ပင်ပြီး မင်းသားကိုရက်ချိတ်လိုက်တော့မယ်''

''ကျွန်တော့်ဘက်ကတော့ စိတ်ချပါ''

နေမင်းက တစ်စုံတစ်ရာကိုသတိရသွားပြီး ...

''ယွန်းကိုတစ်ခုပြောဦးမယ်''

''ဘာလဲ ကိုနေမင်း''

''ဇာတ်သိမ်းမှာ နှစ်ယောက်လုံးချစ်သူတွေဖြစ်သွားကြမှာနော်''

''အို''

ထိုစကားကြောင့် ထုတ်လုပ်သူမှာ အလန့်တကြားဖြစ်သွားပြီး ...

''အယ် ... ခုဟာက ချစ်သူတွေမဟုတ်ကြသေးဘူးလား''

''ကျွန်တော်မပြောရဲသေးလို့ သူ့ကိုဖွင့်မပြောရသေးဘူး''

''ဘုရား ... ဘုရား''

ယွန်းက ရှက်သည့်မျက်နှာနှင့်ခေါင်းငုံ့နေသည်။

''ဒါဆို ဘယ်တော့ပြောမှာလဲ အို ... မဟုတ်ကြသေးပါဘူး''

''မထူးပါဘူး ... ကြားပါတယ်၊ ခုပဲပြောလိုက်ပါတော့မယ်''

''ကိုနေမင်း လူတွေရှေ့မှာ ဘာတွေပြောနေတာလဲ''

''ဟော့ ဟော့ ... ကျွန်မသက်သေရှိတယ်နော်၊ ပြောပြီးစလစ်တို့စလော်

www.burmeseclassic.com



အဖြေကိုတော့ တစ်နေရာရာမှာပေးကြရင်ပိုကောင်းတာပေါ့"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

အားလုံးပွဲကျသွားကြသည်။

တစ်ခါတစ်ရံ ...

လူ့လောကကြီးသည် ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်အပျက်များနှင့် ဖွဲ့တည်ထားသည်ဆိုခြင်းကိုတော့ နေမင်း ကောင်းစွာ သဘောပေါက်လိုက်ပါ၏။

ပြီး။

ကြိုးစားပါဦးမည် ...

ဂမ္ဘီရမောင်ရွှေ



www.burmeseclassic.com